မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၅) နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။
၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သတင်းခရီးသည်နှင့်
ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ဧရာဝတီမြစ်ရေကို အထိန်းအချုပ်ဖြစ်စေရန် တည်ဆောက်ထားသော ငကျော်တာပေါင်ပေါ်မှ ဤသို့ မော်တော်ယာဉ်များပါ ဖြတ်သန်းသွားလာနိုင်သည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဧရာဝတီမြစ်ရေကို စနစ်တကျ ထိန်းသိမ်းသိုလှောင်အောင်ရေပေးဝေမည့် ပခုက္ကူမြို့နယ်က ငကျော်တာပေါင်

နေပြည်တော် မတ် ၇

မကွေးတိုင်း ပခုက္ကူခရိုင်သည် နှစ်စဉ်မိုးရေချိန်လက်မ ၂၀နှင့် ၃၀ကြားခန့်သာ ရွာသွန်းလေ့ရှိသော မိုးနည်းရေရှားဒေသဖြစ်သည့်အလျောက် စိုက်ပျိုးရေရရှိရေးအတွက် အလွန်ခက်ခဲရာ နိုင်ငံတော်အစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက်လည်းကောင်း၊ ပိုလျှံသီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရေးအတွက်လည်းကောင်း၊ ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက်လည်းကောင်း ဆန်စပါးနှင့်သီးနှံအမျိုးမျိုးထွက်ရှိရန် လိုအပ်သော စိုက်ပျိုးရေ ရရှိရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြစ်ရေများ သိုလှောင်ထားမည့် အရှည် ပေ ၄၀၀၀၊ အနက် ၅ ပေရှိ ငကျော်တာပေါင်၌ တူးမြောင်းရှည်ကြီးကိုလည်း ဤသို့ တူးဖော်ထားသည်။
ဓာတ်ပုံမှတ်တမ်း-
အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်



ဂျိုဟန်နစ္စဘတ် မတ် ၇

ဖြတ်တောက် သွေးခြင်းမပြုလုပ်ရသေးသော ရှားပါးစိန်တုံးတစ်တုံးကို တောင်အာဖရိကနိုင်ငံ လေလံပွဲတစ်ခု၌ ရောင်းချလိုက်ရကြောင်း ဖေဖော်ဝါရီ ၂၈ရက်က သတင်းဖော်ပြသည်။ အဆိုပါ ရှားပါးစိန်ကြီးကို ပြီးခဲ့သည့်နှစ်က တောင်အာဖရိက စိန်တူးဖော်ရေး ကုမ္ပဏီတစ်ခုက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစိန်ကြီးကို ဟောင်ကောင် အခြေစိုက် လက်ဝတ်ရတနာကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ ၃၅ဒသမ၃ သန်းဖြင့် ဝယ်ယူသွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

လူသိများ

ယင်းစိန်ကြီးသည် ၅၀၇ ကရက်ရှိပြီး တောင်အာဖရိက၌ တူးဖော်တွေ့ရှိသော စိန်များအနက် အကြီးဆုံးစိန်များတွင် ပါဝင်သည်။ ၎င်းစိန်ကြီးကို ပီထရာကုမ္ပဏီက ကူလီနန် စိန်တွင်းမှ တူးဖော်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ကူလီနန်စိန်တွင်းမှ စိန်တုံးကြီးများ ထွက်ရှိရာ စိန်တွင်းအဖြစ် လူသိများကြသည်။ ဤစိန်တွင်းမှ ကမ္ဘာ့အကြီးဆုံး စိန်တုံးကြီး တူးဖော်တွေ့ရှိခဲ့သည်။ ၎င်းစိန်ကြီးမှာ ကရက်အားဖြင့် ၃၁၀၆ ကရက်ရှိသည်ဟု ဆိုသည်။ ။

(အင်တာနက်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၈ ရက်)

ဆည်ရေဖွေးဖွေးဖြင့် စိုက်ပျိုးထုတ်လုပ်မှုအခြေတင့်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခဲ့သည်မှာ ယခုအခါ ဆည်တမံပေါင်း ၂၃၁ခု ရှိနေပြီဖြစ်သည်။ လယ်ယာကဏ္ဍအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရန်၊ သောက်သုံးရေနှင့် ရေရှားပါးသည့် အပူပိုင်းဒေသများတွင် စိုက်ပျိုးရေ အခက်အခဲမဖြစ်ပေါ်စေရန် ရေလှောင်တမံစီမံကိန်းများ နိုင်ငံအနှံ့ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်းမြင်ရေလှောင်တမံစီမံကိန်း၊ မုက္ခာရေလှောင်တမံစီမံကိန်း၊ နတ်ကာရေလှောင်တမံစီမံကိန်းနှင့် ဘုရားလှရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

မင်းမြင်ရေလှောင်တမံစီမံကိန်းသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ရှမ်းကုန်းကျေးရွာ အရှေ့ဘက် ၂ဒသမ ၅မိုင်ခန့်အကွာ၌ မင်းမြင်ချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းပြီးစီးပါက လယ်မြေဧရိယာ ဧက ၂၀၀၀ခန့်အတွက် ရေပေးဝေနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဒုတိယစီမံကိန်းတစ်ခုဖြစ်သည့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအထက်ဘက်ရှိ မုက္ခာချောင်းပေါ်၌ မုက္ခာရေလှောင်တမံစီမံကိန်းကိုတည်ဆောက်သွားမည်ဖြစ်ရာ မင်းလှမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀၀ ခန့်ကို ဆည်ရေဖွေးဖွေး ပေးဝေသွားနိုင်မည်ဖြစ်သည်။

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီးရှိ နတ်ကာချောင်းပေါ်၌ အကောင်အထည်ဖော်သွားမည့် နတ်ကာရေလှောင်တမံစီမံကိန်းသည် တတိယစီမံကိန်းဖြစ်ပြီး သီးနှံစိုက်ဧရိယာ ဧက ၁၂၀၀ခန့်အတွက် စိုက်ပျိုးရေပေးဝေနိုင်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်သည်။ စတုတ္ထစီမံကိန်းဖြစ်သည့် ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းဒေသအတွင်း လယ်မြေဧက ၈၀၀ခန့်ကို ရေပေးဝေနိုင်မည့် ဘုရားလှရေလှောင်တမံစီမံကိန်းကို ဖော်ဆောင်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အဓိကကျသော စီမံကိန်းလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု ငွေကြေးမြောက်မြားစွာဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကာလ၌ နောင်လာနောက်သားများခံစား စံစားနိုင်ရန် ရည်ရွယ်ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပြည့်မီရန်နှင့် စီးပွားရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်သွားနိုင်ရန် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းဆော်ဩလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၉-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော်
(မေတ္တသုတ်+ ခန္ဓသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(မပြောင်းလဲတဲ့ပြောင်းလဲခြင်း)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(ပုစွန်ချဉ်သုပ်နဲ့ ပိန်းရိုးဟင်းခါး)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (လင်းလင်း)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
Current Song (13)
တေးပဒေသာ
၁၂း၄၀ ဟာသကမ္ဘာ(၈)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
ဘီအီးဒီ(ဓာတုဗေဒတတ်ကျွမ်းမှု)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ
(မျက်မှန်လှလှလေးတပ်ရအောင်)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ
ဤမြေကမ္ဘာ အမှတ်စဉ်(၃၀)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
၁။ အဲဒေါ့ဟစ်တလာနှင့် ထူးခြားထင်ရှားပုဂ္ဂိုလ်များ-မောင်သိန်းလွင်
၂။ မင်းလုပ်နိုင်တာ သေချာတယ်-သဲအောင်
တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာ နားဆင်စရာ
ဘယ်လိုလုပ်ရပါ့
၁၉း၃၀ တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး(ပူမနေပါနဲ့-နေရဲမာန်)
စီးပွားရေးဦးတည်ချက်
၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ

ရှမ်းပြည်နယ် (မြောက်ပိုင်း)
ကွတ်ခိုင်- တာမိုးညဲ- မုံးစီး - တာပါး- ကုန်းကြမ်းလမ်းပိုင်း
ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၈ရက်တွင် ကုန်းကြမ်းမြို့မှ ကုန်းကြမ်း-တာပါးလမ်းတစ်လျှောက် လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ကုန်းကြမ်း (၁၈မိုင်လမ်းခွဲ)-တာပါးလမ်းအပိုင်း ယာယီရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးစိုင်းကျော်မိုးက ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း ၆၆မိုင်နှင့် တာပါးမှ ကုန်းကြမ်းမြို့နယ် (၁၈မိုင်လမ်းခွဲ)အထိ လမ်းအပိုင်း ၁၂မိုင် စုစုပေါင်း ၇၈မိုင် တိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ယာဉ်ယန္တရားများရရှိမှုနှင့် ကတ္တရာရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကုန်းကြမ်း-တာပါးလမ်း မိုင်တိုင်အမှတ် (၅/၂)နှင့် (၅/၃)အကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေညှိကြိတ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ပေ ၆၀၀အရှည်ရှိ သံလွင်မြစ်ကူး(တာပါး)ကြိုးတံတား ကြံ့ခိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း တစ်လျှောက် မော်တော်ယာဉ်ဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လည်းကောင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ အား/ကာ ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး မတ် ၇

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် အိုးလ်စတားအသင်းက ဟူးဘော့စ်(ကေဒီ) အသင်းကို ၈၇-၇၅ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆု အိုးလ်စတားအသင်း၊ ဒုတိယဆု ဟူးဘော့စ်(ကေဒီ)အသင်း၊ တတိယဆု ရွှေငါးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကို ပြည်နယ် အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ရီ၊ မြို့နယ်ဘတ်စကက်ဘော ကော်မတီဝင် ဦးမြင့်သိန်း၊ ဥက္ကဋ္ဌ ဦးအောင်နိုင်တို့က ချီးမြှင့်ကြပြီး ငွေသားဆုများကို ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ပေးအပ်ချီးမြှင့်ကာ ပထမတံခွန်စိုက်ဆုဖလားကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာက ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၁၀သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြို့နယ် အား/ကာ)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ဆွေးနွေး

ရန်ကုန် မတ် ၇

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် ညီညွတ်သောစာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက အမှတ် (၁၅၅)ရပ်ကွက် ဘ၀အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက်များတွင် စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာဖတ်ရှိန်မြင့်မားရေးနှင့် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ် စည်ပင်သာယာရေးမှ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန လှူဒါန်းငွေဖြင့် ဆောင်ရွက်သော မြိုင်မြို့နယ် ချိုင်စောက်ကျေးရွာ စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ စက်ရုံမှူး ဦးသစ်လွင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များစာငှားကတ်စနစ်ကျင့်သုံးရေး ရန်ကင်းမြို့နယ်ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၇

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၁နာရီတွင် အမှတ် (၁၁)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅)ချက်နှင့် စာကြည့်တိုက်များတွင် စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်အသစ်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန့်က စာအုပ်စာစောင်များ တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် ဩဘာလမ်း အမှတ် ၇၂နေ ဒေါ်ညွှန့်ညွှန့်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)မိသားစုက နှစ်ဖက်သောမိဘများနှင့် အစ်မ ဒေါ်ခင်ကြည်၊ ခင်ပွန်း ဦးကျော်မင်း(ယာဉ်/စက်)တို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁၇၀၀၀ လှူဒါန်းရာ စောင့်ရှောက်ရေး သူနာပြု ဒေါ်နော်လားထူးအေးနှင့် ဒေါ်ယဉ်သီတာတို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျောက်တန်းမြို့နယ် ကျောက်တန်းမွေးမြူရေးဇုန်ရှိ ကဏန်းများ ကမ္ဘာစက်မှုလက်မှု ကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကဏန်းများကမ္ဘာစက်မှုလက်မှု ကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျောက်တန်းမွေးမြူရေးဇုန်ရှိ ကဏန်းများ ကမ္ဘာစက်မှုလက်မှုကုမ္ပဏီလီမိတက်၌ ကျင်းပသည့် အအေးခန်းစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူတို့က အအေးခန်းစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် အခမ်းအနားကို ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကဏန်းမွေးမြူရေးဇုန်ဖြစ်ပေါ်လာပုံနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက အအေးခန်းစက်ရုံနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်မှ အလှူရှင်က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံလည်းကောင်း၊ ကဏန်းမျိုးစိုက်ထည့်ခြင်းအတွက် အလှူငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းထံလည်းကောင်း၊ အောင်မိုးခိုင် ကုမ္ပဏီလီမိတက်မှ အလှူရှင်က ကဏန်းမျိုး စိုက်ထည့်ခြင်းအတွက် အလှူငွေများကို ဝန်ကြီးထံလည်းကောင်း ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အအေးခန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အအေးခန်းစက်ရုံဖွင့်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကဏန်းများ မျိုးပွားစေရန်အတွက် ချောင်းအတွင်းသို့ အရွယ်ငယ် ကဏန်းများနှင့် ဥပါကဏန်းများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက လွှတ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကဏန်းမွေးမြူရေးကန်များအား ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကဏန်းမွေးမြူပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အောင်မိုးခိုင်ကုမ္ပဏီလီမိတက်၏ ကဏန်းမွေးမြူရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀	၅။	မျိုးချစ်တပ်မတော်
၄း၄၀	၆။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀	၇။	ဗွီစီဒီကျော်ကြားတေးများ
၅း၃၅	၈။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၈)

(၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ကျင်းပ

နေပြည်တော် မတ် ၇

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၆နာရီခွဲက နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်)၌ ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃) အသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) အသင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂) အသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၇

၁။ ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၃။ ရောဂါကာကွယ်ထိန်းချုပ်ရေး

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်း သတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

Myanmar Brewery Ltd. ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း (ငြိမ်း) လက်ရွေးစင်တန်းပြိုင်ပွဲ ဆုရ အသင်းအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

Myanmar Double Strong Sepaktakraw Championship 2010 ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Myanmar Double Strong တို့ ပူးပေါင်းကျင်းပသော Myanmar Double Strong Sepaktakraw Championship 2010 ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်းဝင်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အမှုဆောင်များ၊ Myanmar Brewery Ltd. ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)၊ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆုပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် နာယက ဒေါ်သက်သက်ဆွေက အမျိုးသား လူသစ်တန်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဒုတိယပါကေး(Parquet) (ခ)အသင်းနှင့် တတိယ ပို့ဆောင်ရေးဝန်ကြီးဌာန (က) အသင်းတို့အားလည်းကောင်း၊ Myanmar Brewery Ltd. ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)က အမျိုးသားလက်ရွေးစင် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ လက်ရွေးစင်(င)အသင်းနှင့် ဒုတိယလက်ရွေးစင် (စ) အသင်းတို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအလွတ်တန်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန (က)အသင်း၊ ဒုတိယ ပြည်ထဲရေးဝန်ကြီးဌာန (ခ)အသင်းနှင့် တတိယ လယ်ယာ/ ဆည်မြောင်းဝန်ကြီးဌာန (ခ) အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုရှားတိုက်ချင်းပစ်ဒုံးပျံ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

မော်စကို မတ် ၇

ရုရှားနိုင်ငံသည် ဆိန်ဗာအမည်ရှိ နိုင်ငံတကာတိုက်ချင်းပစ်ဒုံးပျံတစ်စင်းကို မတ် ၄ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်သည်။

ပစ်လွှတ်

အဆိုပါတိုက်ချင်းပစ်ဒုံးပျံကို မော်စကိုစံတော်ချိန် နံနက် ၇နာရီ မိနစ် ၅၀က ဘရန့်ပင်လယ်ရှိ တူလာရေငုပ်သင်္ဘောမှနေ၍ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ရုရှားတပ်ဖွဲ့အတွက် အရေးအကြီးဆုံးကိစ္စတစ်ခုမှာ လာမည့်ဆယ်စုနှစ်တွင် ခေတ်မီရေတပ် ပြန်လည်တည်ဆောက်သွားရန်ဖြစ်သည်ဟု ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ပြီးခဲ့သည့် စက်တင်ဘာလ၌ ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာတိတ်ဒေသ ပင်လယ်ပြင်အောက်တွင် မီသိန်းဓာတ်ငွေ့စုပြုံလျက်ရှိဟု သုတေသီများပြောကြား

ဆိုက်ဘေးရီးယား မတ် ၇

ဆိုက်ဘေးရီးယား အာတိတ်သမုဒ္ဒရာ ကမ်းဦးရေတိမ်ပိုင်းမှ မီသိန်းဖန်လုံအိမ်ဓာတ်ငွေ့များထွက်ရှိနေကြောင်း သိပ္ပံပညာရှင်များက မတ် ၆ရက်တွင် သတိပေးပြောကြားသည်။

ပါဝင်

မီသိန်းဓာတ်ငွေ့များ၏ ယိုစိမ့်မှုကို ဝင်ရိုးစွန်းဒေသမြေလွှာများက ပိတ်ဆို့ထားနိုင်ကြောင်း၊ သို့သော် မြေအောက်တွင် မီသိန်းဓာတ်ငွေ့သည် ကြီးမားသည့်ဖိအားဖြင့် စုပြုံလျက်ရှိကြောင်း၊ မြေထုအောက်ပိုင်းမြေလွှာများသည် မီသိန်းဓာတ်ငွေ့မယိုစိမ့်ရန် တားဆီးနိုင်စွမ်းမရှိကြောင်း အလက်စကာပြည်နယ် ဖဲယားဘင့်တက္ကသိုလ်မှ ရှက်ဟိုဗာက ပြောကြားသည်။ စိမ့်မြေများနှင့် ပင်လယ်ကြမ်းပြင်အောက် မြေဆီလွှာများတွင် မီသိန်းဓာတ်ငွေ့သည် ကာဗွန်ဓာတ်ငွေ့ပမာဏ၏နှစ်ဆခန့် ပါဝင်လျက်ရှိကြောင်း သုတေသီ ဟိန်းမန်းက သိပ္ပံဂျာနယ်၌ ရေးသားထားသည်။ (အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသစ်ဖွင့်လှစ်ထားသည့် ခရီးသည်နားနေဆောင်တွင် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းခွင်ကို မတ် ၆ ရက်က ဤသို့တွေ့ရသည်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်နန်ကျွန်းဆိပ်ကမ်းမြို့၌ အဒေင်ပင်လယ်ကွေ့သို့ သွားရောက်မည့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို မတ် ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိက၌A(H1N1)မပြတ်သေး

ဟူစတန် မတ် ၇

အမေရိကန်နိုင်ငံတွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်း A(H1N1) တုပ်ကွေးရောဂါပိုးကြောင့် လူများထပ်မံ သေဆုံးခဲ့ရကြောင်း၊ ထိုရောဂါသည် တစ်ကမ္ဘာလုံးကြောက်ရွံ့တုန်လှုပ်ရသည့် အနေအထားတွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

သေဆုံး

နာရီ ၂၀ စော၍ ကလေးမွေးဖွားခဲ့သည့် အသက်(၂၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် အမျိုးသမီးသုံးဦးသည် အဆိုပါ A(H1N1) တုပ်ကွေးရောဂါကြောင့် ဆန်အန်တိုနီယိုဆေးရုံတွင် လွန်ခဲ့သည့် သီတင်းနှစ်ပတ်က သေဆုံးခဲ့ရကြောင်း ဒေသန္တရ ကျန်းမာရေးဆရာဝန်များက မတ် ၅ ရက်၌ ပြောကြားသည်။

တက္ကဆပ်ပြည်နယ်၌မူ A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးရမှုနှင့်ဖြစ်ပွားမှု ဆက်လက် လျော့ကျနေကြောင်းသိရသည်။ မင်နီဆိုးတားနှင့် အလက်စကာပြည်နယ်တို့တွင် A(H1N1) တုပ်ကွေးရောဂါ မကြာခဏ ဖြစ်ပွားနေဆဲရှိသည်။ **(အင်တာနက်)**

အာရပ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက် ပါလက်စတိုင်း ခေါင်းဆောင်များ ပယ်ချ

ဂါဇာ မတ် ၇

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့် အစ္စရေးတို့အကြား အမေရိကန်ထောက်ခံအားပေးသည့်ဆွေးနွေးပွဲများ ဆက်လက်ပြုစေမည့် အာရပ်အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို ပါလက်စတိုင်းလွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ပေါင်းစု(ဒီအက်ဖ်အယ်လ်ပီ) အကြီးအကဲ ဟာဝက်မီက မတ် ၆ ရက်တွင် ပြစ်တင်ဝေဖန်သည်။

အစ္စရေးက နိုင်ငံတကာ၏ တာဝန်ယူမှုများအား အလေးမထားဘဲ ဆန့်ကျင်လျက် ပါလက်စတိုင်းနယ်မြေများတွင် အိမ်ရာအဆောက်အအုံများ ဆက်လက်ဆောက်လုပ်နေသည်ဟု ဟာဝက်မီက ပြောကြားသည်။ အစ္စရေးနှင့် ညှိနှိုင်းဆွေးနွေးမှုကို ဟစ်ဇ်ဘိုလာအဖွဲ့ဝင် ဟာဒရက်ကလည်း ပယ်ချလိုက်သည်။

အခက်အခဲဖြစ်

အစ္စရေး၏ အနောက်ဘက်ကမ်းခြေ၌ တရားမဝင်အိမ်ရာဆောက်လုပ်မှုကို နိုင်ငံတကာက ရပ်ဆိုင်းရန်ဖိအားပေးလျက်ရှိပြီး ယင်းပြဿနာသည် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အခက်အခဲဖြစ်လျက်ရှိသည်။ **(အင်တာနက်)**

ကင်ညာ ရေလွှမ်းမှုအတွင်း ခုနစ်ဦးသေဆုံး၊ ငါးဦးပျောက်ဆုံးလျက်ရှိ

နိုင်ရိုဘီ မတ် ၇

ကင်ညာနိုင်ငံ၌ ရေလွှမ်းမှုဖြစ်ပွားသဖြင့် ခုနစ်ဦးထက်မနည်းသေဆုံးပြီး အခြားငါးဦးပျောက်ဆုံးလျက်ရှိကာ အိမ်ခြေ ၂၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကင်ညာအကူအညီပေးရေးအေဂျင်စီက မတ် ၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သေဆုံး

ရေလွှမ်းမှုဒဏ်ခံစားနေရသော ကင်ညာနိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ဟု ကင်ညာကြက်ခြေနီလူမှုဆက်သွယ်ရေးဌာန (ကေအာရ်အက်စ်စီ) အုပ်ချုပ်ရေးမှူး တီတပ်စ်မန်အိုက ပြောကြားသည်။ အဆိုပါရေလွှမ်းမှုအတွင်း မွေးမြူရေးတိရစ္ဆာန်များပါ မျောပါသေဆုံးသွားခဲ့ရသည်ဟု ၎င်းက ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် အလုပ်လက်မဲ့ဦးရေ ခန့်မှန်းထားသည်ထက် ပိုမိုလျော့နည်းဟုဆို

ဝါရှင်တန် မတ် ၇

အမေရိကန်နိုင်ငံ၏ ကျဆင်းနေသည့်စီးပွားရေး တဖြည်းဖြည်းပြန်လည်ဦးမော့လာရန် ကြိုးပမ်းနေသည့်ကြားမှပင် ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့ဦးရေ ၃၆၀၀၀ရှိနေခြင်းက စီးပွားရေးပြန်လည် နာလန်မထူသေးကြောင်းကို ပြသနေသည့် လက္ခဏာဖြစ်သည်။

သို့သော်လည်း မတ် ၅ရက်တွင် အလုပ်သမားဌာနက ထုတ်ပြန်သည့် ဤအလုပ်လက်မဲ့ဦးရေမှာ အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေ ၆၇၀၀၀ ရှိမည်ဟု ယခုလအစောပိုင်းကခန့်မှန်းသည်ထက် များစွာနည်းသေးကြောင်း ဖော်ပြသည်။ အမေရိကန်နိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်များ၌ ရာသီဥတုဆိုးရွားမှုများကြောင့် အလုပ်လက်မဲ့နှုန်း တိုးမြင့်လာခြင်းဖြစ်နိုင်ကြောင်း အဆိုပါဌာနက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားကမ်းလွန် နိုင်ငံတကာရေပိုင်နက်အတွင်း တရုတ်လှေနစ်မြုပ် ခြောက်ဦးပျောက်ဆုံးနေ

ဆိုးလ် မတ် ၇

တောင်ကိုရီးယားကမ်းလွန် နိုင်ငံတကာရေပိုင်နက်အတွင်း တရုတ်ငါးဖမ်းသင်္ဘောတစ်စင်း မတ်၆ရက် နံနက်ပိုင်းက နစ်မြုပ်သဖြင့် ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဆိုးလ်ယုံဟတ်သတင်းဌာနက ထုတ်လွှင့်သည်။

ကယ်ဆယ်

တောင်ကိုရီးယားနိုင်ငံပိုင် ဂျယ်ဂျူကျွန်း တောင်ဘက်ကီလိုမီတာ ၁၅၀ ခန့်အကွာရှိ နိုင်ငံတကာရေပိုင်နက်၌ ဒေသစံတော်ချိန် နံနက် ၅နာရီက သင်္ဘောသား ၁၅ဦးလိုက်ပါလာသည့် တန် ၂၈၀ရှိ ငါးဖမ်းသင်္ဘောနစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ကိုးဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ထုတ်လွှင့်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆော်ဒီအာရေဗျ၌ မီးလောင်ကျွမ်း အဆောက်အအုံ သုံးလုံးပြိုကျ

ရီးယာ့ဒ် မတ် ၇

ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်းဒေသရှိ ဂျက်ဒါမြို့မှ သမိုင်းဝင်အဆောက်အအုံ ခုနစ်လုံး မီးလောင်ကျွမ်းပြီးနောက် အဆောက်အအုံသုံးလုံး ပြိုလဲကျကြောင်း ဆော်ဒီအရာရှိများက ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် မတ် ၅ ရက် ဒေသစံတော်ချိန် ၁၂နာရီ မိနစ် ၃၀တွင် လောင်ကျွမ်းခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

မီးလောင်ကျွမ်းမှုကြောင့် ဆော်ဒီဒေသခံတစ်ဦး ဒဏ်ရာရရှိသော်လည်း သေဆုံးသူမရှိဟုသိရသည်။

ရွှေ့ပြောင်း

မီးလောင်သည့် အဆောက်အအုံများတွင် နေထိုင်သူများအား မီးသတ်သမားများက ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားကြောင်း ဆော်ဒီအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ နာဂျာဖာမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၆ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ မရဏာပင်လယ်ဒေသ မီးရထားလမ်း စတင်ဖောက်လုပ်

ယူရမ်ကီ မတ် ၇

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင်ကျန်ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မရဏာပင်လယ်ဟု လူသိများသည့် လော့နာရေအိုင်တွင် တရုတ်အစိုးရက မတ် ၃ရက်မှ စတင်ကာ ရထားလမ်းဖောက်လုပ်လျက်ရှိကြောင်း မတ် ၅ရက်က သတင်းထုတ်ပြန်သည်။

ပြောကြား

ဆောက်လုပ်ရေးလုပ်သားများက ဟာမီမြို့၌ ၃ကီလိုမီတာရှိ ရထားလမ်းပါတံတားတစ်စင်း စတင်တည်ဆောက်လျက်ရှိပြီး ယင်းနေရာသည် ကီလိုမီတာ ၃၇၀ရှိ ရထားလမ်း၏ ပထမဆုံးလမ်းပိုင်းဖြစ်သည်ဟု တရုတ်ရထားကုမ္ပဏီသတင်းရပ်ကွက်က မတ် ၄ ရက်တွင် ပြောကြားသည်။

ပို့ပေး

ယင်းရထားလမ်းဖောက်လုပ်ပြီးစီးပါက တစ်နှစ်လျှင် ကုန်စည်တန်ချိန် ၃၃သန်း တင်ပို့နိုင်မည်ဖြစ်သည်။ ယင်းရထားလမ်းသည် အမေရိကန်ဒေါ်လာ သန်း ၄၇၀ခန့် ကုန်ကျမည်ဖြစ်ပြီး အကျိုးကျေးဇူးအနေဖြင့် လော့နာဒေသမှ ပိုတက်စီယမ် ဓာတ်ဆားများကိုလျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

● *ကျောဖုံးမှ*

ထိုအချိန်တွင် ဆိုင်းသံ၊ ဗုံသံများကလည်း မြူးကြွမြိုင်ဆိုင်စွာ တီးမှုတ်နေကြ၏။ ပရိသတ်မှာလည်း ထိုပြပွဲကို အထူးအာရုံစိုက် ကြည့်ရှုနေကြသည်။

များမကြာမီ ဆင်ဦးစီး ဦးခင်သောင်း ဦးစီးပြီး ဆင်လိမ္မာများနှင့်အတူ ကွင်းအတွင်း

မည်းနက်ဝဖီးနေသော နွားနောက်အုပ်ကိုလည်း ဤသို့ တွေ့မြင်နိုင်သည်။ (မြန်မာ့အလင်း)

သို့ ဝင်ရောက်လာသည်။ ရှေ့ဆုံးတွင် ဆင်လိမ္မာဖိုးမြထွန်းနှင့် ဆင်လိမ္မာမောင်မောင်လွင်တို့က ကြိုဆိုပါ၏ဟူသော အဝတ်ပိတ်စ ဆိုင်းဘုတ်ကို နှာမောင်းများဖြင့်ရစ်မပြီး ကွင်းထဲသို့ ဝင်ရောက်လာကြသည်။ ထိုဆင်များပေါ်တွင် ဆင်ဦးစီးများလည်း မင်းညီမင်းသားဝတ်စုံများဝတ်ဆင်လျက် ချွန်းကိုယ်စီကိုင်၍ လိုက်ပါလာကြ၏။ ယင်းတို့နောက်မှ အခြားသော ဆင်လိမ္မာများလည်းပါ၏။ ရှေးခေတ်က ဆင်တပ်ကြီးချီတက်လာသည့်အလားပင် ဖြစ်၏။

ဤပြပွဲမြင်ကွင်းသည်ကား တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အတွင်း ဆင်စခန်းရှိ ဆင်လိမ္မာအထူးပြပွဲ မြင်ကွင်းပေတည်း။ ပြပွဲအတွင်း ပရိသတ်များ၏ လက်ခုပ်တီးအားပေးသံ၊ ဆိုင်းသံဗုံသံ၊ ဆူညံသံများဖြင့် စည်ကားများပြားလှသည်။

အလံတင်

ထိုအချိန်တွင် ဆင်လိမ္မာမောင်မြမောင်၏ အလံတင်အခမ်းအနား ပြကွက်မှာလည်း အံ့သြစရာ ကောင်းလှ၏။ ဆင်လိမ္မာမောင်မြမောင်သည် ဆင်ဦးစီးက အချက်ပေးလိုက်သည်နှင့် အလံကြိုးကိုဖြုတ်ပြီး နှာမောင်းနှင့် ရစ်ဆွဲတင်လေတော့၏။ ပရိသတ်များ၏ လက်ခုပ်သြဘာသံများမှာလည်း သောသောညံသွား၏။ ယင်းနောက်တွင် ဆင်မလေး မေအုန်းမြင့်က ရှေ့ခြေထောက် နှစ်ချောင်းကို မြှောက်လျက် နှာမောင်းနှင့် နှာခေါင်းပေါက်များ အသုံးပြုလျက် ဘာဂျာမှုတ်ပြသည်။ ထိုအချိန်တွင် အခြားသောဆင်လိမ္မာများက တီးလုံးတီးကွက်နှင့်အညီ မြူးထူး ပျော်ရွှင်စွာ ကကြလေသည်။

တလိမ့်တုံးပြကွက်

ယင်းနောက် ဆင်လိမ္မာဝင်းကျော်ထွန်းကလည်း တလိမ့်တုံးပေါ်တက်၍ လိမ့်ပြလေ၏။ လူပင် လုပ်ရန်ခက်ခဲသည့် ပြကွက်

လူတို့နှင့် ယဉ်ပါးနေသော ရွှေသမင်များကလည်း အစာကျွေးသူထံသို့ လာရောက်စားကြသည်။(မြန်မာ့အလင်း)

ကို ဆင်လိမ္မာဝင်းကျော်ထွန်းက ရင်သပ်ရှုမောဖွယ် ပြသထားခြင်းပင် ဖြစ်သည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ခွေးအ၊ သမင်၊ ဂျီ (ချေ)၊ ဒရယ်၊ စိုင်၊ ဆတ် ပြကွက်များဆီသို့ ခရီးဆက်ခဲ့ကြသည်။ ရွှေသမင်များမှာ ယဉ်ပါးလှသည်။ ရွှေသမင်နှင့်ဆတ်တို့ကို အနီးကပ်ကိုင်ပြီး အစာကျွေးခဲ့ရသေးသည်။ ရွှေသမင်ငယ်များမှာ ဟိုမှသည်မှ မြူးထူးဆော့ကစားလျက် ဘာသာဘာဝ ပျော်မြူးနေကြသည်။

ချင်းပြည်နယ်မှ အလည်ရောက်နေသည့် နက်ပြောင်ဝဖီးနေသော နွားနောက်များမှာလည်း ဖီးကားကားလုပ်နေကြသည်ကို တွေ့ခဲ့ရသည်။ ဟိမဝန္တာသား လင်းတနှင့် လင်းယုန်တို့မှာလည်း အသိုက်တစ်ခုအတွင်း ချစ်ကြည်ရင်းနှီးစွာ အဖော်ပြု၍ နေကြသည်ကိုလည်း တွေ့ရသည်။

ဟိမဝန္တာဝက်ဝံကြီးတွေ

တရစပ် အစာတောင်းနေသော ဟိမဝန္တာဝက်ဝံကြီးတွေမှာလည်း ချစ်စရာကောင်းလှ၏။ လှောင်ချိုင့် တစ်နေရာတွင် အိပ်ပျော်ဟန်ဆောင်နေသော ကျားဖြူကြီးမှာ မြိုင်ရပ်က သူငယ်ချင်းများကို လွမ်းနေပုံရသည်။

ခြင်္သေ့ကြီးတွေ

ခြင်္သေ့ကြီးတွေကလည်းသူတို့သာလျှင် အင်အားအကြီးဆုံးဟုထင်ကာ မာန်ဖီသွားဖြဲပြနေသည်။ ကြောက်မက်ဖွယ်ကောင်းလှသော ခြင်္သေ့ကြီးများပင်ဖြစ်သည်။ သူတို့အနီးရှိ ရေအိုင်အတွင်း ကိုရွှေငါးတို့က အလှချင်းပြိုင်နေကြပြန်သည်။ ထိုအနီးအနားတွင် မြင်းကျားတို့က သူတို့သာလျှင် အလှဆုံးဟုဆိုကာ လမ်းသလား နေကြပြန်သည်။ မိခင်ပီသစွာ သားများပိုက်၍ ငုတ်တုတ်ထိုင်ငေးနေသော သားပိုက်ကောင်များ၏ သဘာဝကိုလည်း လေ့လာမိသည်။

ကျားဝါ

ကြိုးဝိုင်းတစ်ဝိုင်းအတွင်း တဝေါင်းဝေါင်းနှင့် ဟန်ရေးပြ ဗိုလ်လုနေကြသော ကျားဝါသုံးကောင်ကိုလည်း တွေ့ရသည်။ တောင်အမေရိကတိုက်သား ဟမ်းဘို့ပင်ဂွင်ငှက်တို့ကလည်း ရေကူးလိုက်၊ ကမ်းပေါ်တက် လမ်းလျှောက်လိုက်လုပ်နေကြပြန်သည်။ သူတို့နှင့်အတူ လာရောက်ကြသောပရိသတ်များ အမှတ်တရဓာတ်ပုံများ ရိုက်ကြသေးသည်။

တောင်ထိပ်တစ်နေရာတွင်ကျားသစ်ကြီးတစ်ကောင် အေးအေးလူလူ နေပြနေသည်။ "ကြိုးခွေ....၊ ကြိုးခွေ...." နှင့် တစာစာအော်မည်နေသော မျောက်လွှဲကျော်များကလည်း ဟိုအပင်မှသည်အပင် စိန်ပြေးတမ်း ကစားနေကြ၏။ ရေကန်တစ်ကန်အတွင်း မိကျောင်းတစ်သိုက်ကိုလည်း တွေ့ခဲ့ရသေးသည်။

မြေအောက်သတ္တဝါကြီးများဖြစ်သော စပါးကြီးမြွေကြီးတွေနှင့် စပါးအုံးမြွေကြီးတွေက ရစ်ပတ် သတ်တော့မည့်အလား ကြောက်မက်ဖွယ်ရာပင်....။

ပြသထား

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ပြသထားသော တိရစ္ဆာန်များမှာ အာရှဆင်၊ ရေမြင်း၊ ခြင်္သေ့၊ ကျားဝါ၊ ကျားဖြူ၊ ကျားသစ်၊ ဝက်ဝံ၊ မြင်းကျား၊ သမင်ညို၊ သမင်ပျောက်၊ ရွှေသမင်၊ ဒရယ်၊ ဂျီ(ချေ)၊ ဆတ်၊ ခွေးအ၊ တောဝက်၊ နွားနောက်၊ တောကြောင်၊ ဖျံ၊ သားပိုက်ကောင်၊ ဖြူယုန်၊ ပူး၊ မျောက်တံငါ၊ မျောက်မောင်းမ၊ မျောက်လွှဲကျော်၊ မျောက်ပုတီး၊ ဘာဘွန်းမျောက်၊ သစ်ကြုပ်၊ မိကျောင်း၊ စပါးကြီး၊ စပါးအုံး၊ ကြယ်လိပ်၊ လိပ်ပါးနီ၊ လိပ်ကြက်တူရွေးနှင့် တောင်ဆိတ်တို့ဖြစ်ကြသည်။

ထို့အပြင် အောက်ချင်း၊ အောင်လောင်၊ ငွေရစ်၊ ဒေါင်း၊ ဒေါင်းပြာ၊ ဒေါင်းဖြူနှင့် ဒေါင်းကုလား၊ မြန်မာ တောကြက်၊ ရေဘဲ၊ စစ္စလီ၊ ငှက်ကြီးဝန်ပို၊ ကျွဲစီးဗျိုင်း၊ ကြိုးကြာ၊ လင်းတ၊ ငှက်ကုလားအုပ်စသော သတ္တဝါအမျိုးမျိုးကိုလည်း စုံလင်စွာ ထားရှိသည်။

ကစားကွင်း

ဤတိရစ္ဆာန်ဥယျာဉ်အတွင်း ရေကန်ငယ်များ၊ အရိပ်ရအပင်ကြီးများ၊ ပန်းမန်များဖြင့်လည်း ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်း၏။ လာရောက်ကြသော ပရိသတ်များ နားနားနေနေ အပန်းဖြေအနားယူစရာများလည်း ပေါများ၏။ ကလေးကစားကွင်းများလည်းရှိသည်။ စားသောက်ဆိုင်အချို့ကိုလည်း တွေ့ရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် နေပြည်တော် ပျဉ်းမနားနှင့် နေပြည်တော် တပ်ကုန်းကြား ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၌ တည်ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ ၁၅၃ ဒသမ ၃၃ ဧကဖြစ်သည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို တနင်္လာနေ့ တစ်ရက်တည်းသာ ပိတ်ရက်ရှိသည်။ ကျန်ရက်များ ဖွင့်လှစ်ပြသထားသည်။ ဝင်ကြေးမှာ လူကြီး ငွေကျပ် ၁၀၀၀ နှင့် ကလေး ကျပ် ၅၀၀ ဖြစ်သည်။ ယခုအခါ ပြည်သူအများလာရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်။ တိရစ္ဆာန်ဥယျာဉ်အတွင်း ခြေကျင်မလျှောက်လိုသူများအတွက် ဘတ်ဂီများ စီစဉ်ပေးထားသည်။ လူ ၁၀ ဦးဝန်းကျင် စီးနိုင်သော ဘတ်ဂီတစ်စီး ငှားရမ်းခမှာ ငွေကျပ် ၅၀၀၀ဖြစ်ပြီး သုံးဘီးယာဉ်နှင့် လှည့်လည်လျှင် ငွေကျပ် ၂၅၀၀ သာ ကုန်ကျမည် ဖြစ်သည်။

သို့ဖြစ်လေရာ အားလပ်ရက်အပန်းဖြေအနားယူလို၍ဖြစ်စေ၊ ဘုရားဖူးကားများဖြင့် ကြုံကြိုက်လို့ဖြစ်စေ ပြည်သူများအနေဖြင့် ဂျီ(ချေ)၊ ဒရယ်၊ စိုင်၊ ဆတ်၊ နွားနောက်ကယ်နှင့် ကျားကြီးတွေ၊ မြွေကြီးတွေ ပျော်စံရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သို့တစ်ခါတစ်ခေါက်လာရောက် အပန်းဖြေအနားယူလှည့်ပါရန် ဖိတ်ခေါ်ကမ်းဆင့်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ်လာ ပြည်သူများအတွက် ဆင်လိမ္မာဝင်းကျော်ထွန်း၏ တလိမ့်တုံးစီးပြကွက်မှာ အမြင်ဆန်း၍ နှစ်သက်စရာကောင်းလှသည်။ (မြန်မာ့အလင်း)



စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအတွက် ဂုဏ်ပြုငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉နာရီက (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်မည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု (မြဝတီစစ်ကြောင်း)စစ်ရေးပြတပ်ခွဲတည်းခိုသည့် အမှတ်(၇) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ စားရိပ်သာသို့ သွားရောက်၍ စစ်ရေးပြတပ်ခွဲတွင် ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များအားတွေ့ဆုံပြီး အမှာစကားပြောကြားကာ စစ်ရေးပြတပ်ခွဲအတွက် ဂုဏ်ပြုငွေနှင့်ပစ္စည်းတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မျက်လုပ်ငန်းရှင်အသင်း စုံညီစည်းဝေး

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်အလက်များ၊ လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရန်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများက ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

လက်ဘနွန်သမ္မတ ဆော်ဒီသို့ အလည်အပတ်ရောက်ရှိ

လက်ဘနွန်သမ္မတ မီချယ်ဆူလီမန်သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ့်မြို့သို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် မတ် ၇ရက်က ရောက်ရှိလာသည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံကိစ္စနှင့် ဒေသတွင်းကိစ္စရပ်များကို ဆော်ဒီဘုရင် အဗ္ဗဒူလ်အဇစ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ရုရှား ရေနံပိုက်လိုင်း ယခုနှစ်ကုန်၌ပြီးစီးမည်

ယခုနှစ်ကုန်ပိုင်းတွင် တရုတ်နှင့်ရုရှား နှစ်နိုင်ငံဆက်သွယ်ထားသည့် ရေနံပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်းမှာ ပြီးစီးမည်ဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ်၌ ရုရှားမှ ရေနံစတင်ပို့လွှတ်တော့မည်ဖြစ်ကြောင်း တရုတ်စွမ်းအင်အရာရှိများက မတ် ၇ရက်၌ ပြောကြားသည်။

အိန္ဒိယကုန်သွယ်ရေးအဖွဲ့ ပါကစ္စတန်သို့ သွားရောက်မည်

အိန္ဒိယနိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ပါကစ္စတန်နိုင်ငံသို့ လာမည့်မေ ၁၀ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက မတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။

ကင်ဆာရောဂါတိုက်ဖျက်ဆေး အီရန်ထုတ်လုပ်မည်

အီရန်နိုင်ငံ၌ ကင်ဆာရောဂါတိုက်ဖျက်ရေးဆေးဝါးကို လာမည့်ခြောက်လအတွင်း ထုတ်လုပ်မည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အကြီးမားဆုံးသော ဆေးဘက်ဆိုင်ရာ နည်းပညာ ... ကိုလောဂျီကုမ္ပဏီမှ အမေရိကန်ဒေါ်လာ၄၅သန်းအကုန်အကျခံ ရင်းနှီးမြှုပ်နှံသုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းနိုင်ငံကျန်းမာရေးဌာနက မတ်၅ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန် ချီကာဂိုမြို့၌ ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ မတ် ၇ရက်နံနက်က သေနတ်သမားတစ်ဦး မဆင်မခြင်ပစ်ခတ်မှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားများအား ရှာဖွေလျက်ရှိကြောင်း ချီကာဂိုရဲတပ်ဖွဲ့က ပြောကြားသည်။

မြောက်နိုင်ငံဆွေးနွေးပွဲ ဆက်လက်ကျင်းပရန် တိုက်တွန်း

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေးအတွက် ခြောက်နိုင်ငံဆွေးနွေးပွဲများ ဆက်လက်ကျင်းပသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီက မတ် ၇ရက်၌ တိုက်တွန်းလိုက်သည်။

အီဂျစ်သမ္မတ ကျန်းမာရေးကောင်းမွန်

ဆီးကျိတ်ဝေဒနာခံစားနေရသော အသက်(၈၂)နှစ်အရွယ်ရှိ အီဂျစ်သမ္မတ မူဘာရက်သည် ဂျာမနီနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ မတ်၇ရက်က ဆီးကျိတ်ခွဲစိတ်ကုသမှုခံယူခဲ့ရာ ခွဲစိတ်ကုသမှုအောင်မြင်ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

အိန္ဒိယအမျိုးသမီးလေယာဉ်မှူး အောင်မြင်စွာပျံသန်းနိုင်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ ခရီးသည်များအပြည့်တင်ဆောင်ထားသည့် လေယာဉ်တစ်စင်းကို အိန္ဒိယအမျိုးသမီးလေယာဉ်မှူးတစ်ဦးက အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ မတ် ၇ရက်တွင် အောင်မြင်စွာမောင်းနှင်ပျံသန်းနိုင်ခဲ့ကြောင်း အိန္ဒိယလေကြောင်းအရာရှိများက ပြောကြားသည်။

တရုတ်ကုန်တင်လေယာဉ် ပါရီသို့ စတင်ပျံသန်း

တရုတ်နိုင်ငံမှ အဲချိုင်းနားကုန်တင်လေကြောင်းပိုင် ကုန်တင်လေယာဉ်တစ်စင်းသည် ပေကျင်းမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့ခရီးစဉ်ကို မတ် ၇ရက်မှစတင်ကာ ပျံသန်းခဲ့ကြောင်း၊ တရုတ်နှင့်ပြင်သစ် နှစ်နိုင်ငံအကြား ကုန်တင်လေကြောင်း စတင်ပျံသန်းခြင်းဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ) (အင်တာနက်)

ရောင်းသူဝယ်သူစုံလို့ရယ် မြို့မဈေးမှာ စည်ကားတယ်

သတင်းမြင်ကွင်း-ဝင်းကျော်၊ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော် (စမ်းချောင်း)၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

နေပြည်တော် မတ် ၇

နေ့စဉ်လှုပ်ရှားနေရသော လူတို့၏ဘဝတွင် စားရေးသောက်ရေးအတွက် ဖြေရှင်းနေရသည်မှာလည်း ရှောင်လွှဲ၍မရနိုင်သော အလုပ်တစ်ခုပင်ဖြစ်သည်။ အာဟာရပြည့်ဝသော အစာစားသုံးရင်း ဘဝကို ရှင်သန်ဖြတ်သန်းနေရသည်။ နေပြည်တော် ဈေးများအနက် ဈေးရောင်းဈေးဝယ်စည်ကားသည်ဟု သတင်းကြားရသော နေပြည်တော် ဇမ္ဗူသီရိမြို့ ဇေယျာသိဒ္ဓိရပ်ကွက်ရှိ မြို့မဈေးသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်၍ စနည်းနာခဲ့သည်။

အမျိုးအမည်စုံ

ကျယ်ဝန်းသောမြေပြင်ပေါ်၌ ဈေးအဆောက်အအုံကို ဆောက်လုပ်ထားသည်မှာ ခံ့ခံ့ထည်ထည် ရှိလှသည်။ ဈေး၏လေးဖက်လေးတန် မျက်နှာစာတွင် ဖွင့်လှစ်ထားသော ဆိုင်ခန်းများမှာ ဈေးဝယ်သူများကို ဆွဲဆောင်နေသလို အမျိုးအမည်စုံလင်စွာဖြင့် ခင်းကျင်းပြသထားသည်။

သတင်းအဖွဲ့မှ ဈေးရှိ တာဝန်ရှိသူတစ်ဦးဖြစ်သည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနခွဲမှူး ဦးအောင်ဇော်ဝင်းအား ၎င်း၏ရုံးခန်း၌ တွေ့ဆုံ၍ ဈေးနှင့်ပတ်သက်သော အကြောင်းအရာများကို မေးမြန်းခဲ့ရာ-

“ဈေးအဆောက်အအုံကို ၂၈ ဒသမ ၁ဧကအကျယ် ဆောက်လုပ်ထားပါတယ်။ ဈေးရုံမကြီးတစ်ခုနဲ့ အတွင်းမှာ A,B, C,D ခွဲ၍ ဈေးရုံငယ်လေးခုရှိပါတယ်။



နေပြည်တော်မြို့မဈေးစည်ပင်သာယာရေးအတွက် ဆောင်ရွက်နေမှုများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဌာနခွဲမှူး ဦးအောင်ဇော်ဝင်းကရှင်းပြစဉ်။(မြန်မာ့အလင်း)

ဈေးရုံငယ်တစ်ခုမှာ ဆိုင်ခန်း ၇၂ ခန်းရှိပါတယ်။ ဆိုင်ခန်းပေါင်း အရေအတွက်က ၁၅၅၁ခန်း ရှိပါတယ်။ ဆိုင်ခန်းတစ်ခန်း ၈ပေ× ၁၀ပေ ကျယ်ဝန်းပါတယ်။

ဈေးရဲ့မျက်နှာစာက တောင်ဘက်ကို မျက်နှာမူထားပြီး တောင်ပေါ်စားသောက်ဆိုင်များနဲ့ အဝေးပြေး ကားလိုင်းဂိတ်များရှိပါတယ်။ ညနေပိုင်းမှာ ညဈေးတန်းဖွင့်လှစ်ပါတယ်။ ပင်မဈေးကြီးက နံနက် ၆နာရီမှာဖွင့်ပြီး ညနေ ၆နာရီမှာပိတ်ပါတယ်။ ညဈေးတန်းကိုတော့ ၉နာရီမှာ ပိတ်ပါတယ်။

မထသယာဉ်လိုင်း

ဈေးရဲ့အနောက်ဘက်မှာ ပွဲရုံများနဲ့ ပျံကျဈေးတန်း ရှိပါတယ်။ ဟင်းသီးဟင်းရွက် ကုန်စိမ်းသီးနှံများ၊ ကုန်ခြောက်များ၊ သားငါးများရောင်းချပေးပါတယ်။ ဈေးရဲ့အရှေ့ဘက်မှာ နေပြည်တော်မြို့တွင်း ပြေးဆွဲပေးတဲ့ မထသယာဉ်လိုင်းဂိတ်နဲ့ အဝေးပြေးယာဉ်ဂိတ်များ ရှိပါတယ်။

ဈေးရဲ့သန့်ရှင်းရေးအနေနဲ့ အဖွဲ့ပိုင်ကားနှစ်စီးနဲ့ ဈေးအတွင်းအပြင် တစ်နေ့ ငါးကြိမ် သိမ်းဆည်း ရှင်းလင်းပေးပါတယ်။ ဈေးသာယာရေးအတွက် သန့်ရှင်းရေးကို ဂရုတစိုက် ဆောင်ရွက်လျက်ရှိပါတယ်”ဟု ဖြေကြားပေးသည်။

ရေပို့လွှတ်

ဈေး၌သုံးစွဲသော ရေနှင့်ပတ်သက်၍ မေးမြန်းရာ “ချောင်းမကြီးဆည်ရေကို နန်းဦး ရေစုကန်မှာရေစုပြီး နံနက် ၇နာရီမှ ၁၁နာရီအထိ လေးလက်မပိုက်နဲ့ ရေပို့လွှတ်ပေးပါတယ်”ဟု ပြောပြသည်။

သန့်ရှင်းရေး

ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ကြွပ်ကြွပ်အိတ်အစားထိုး စက္ကူအိတ်များ၊ ဖက်နှင့်အိတ်အကြည်များကို သုံးစွဲရန် ဈေးရောင်းချသူများအား ပညာပေးစည်းရုံး ပြောထားကြောင်း သိရသည်။ ဈေးဆိုင် နံရံများ၌ပလတ်စတစ်ကင်းမဲ့နေရာ ရေးထားသော စာသားပါ စတစ်ကာများ ကပ်ပေးထားသည်ကိုလည်း တွေ့ရသည်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မည်သို့ဆောင်ရွက်ပါသလဲဟု မေးမြန်းရာ “ဗဟိုမီးသတ်ဌာနနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲများ ကျင်းပပေးပါတယ်။ မီးသတ်ဆေးဘူး သုံးစွဲနည်း၊ မီးငြိမ်းသတ်နည်းများ သရုပ်ပြသ ပေးပါတယ်။ ဆိုင်တွေမှာ မီးသတ်ဆေးဘူးထားရှိပါတယ်။ ဈေးအတွင်း အပြင်မှာ သုံးလက်မပိုက် မီးသတ်ရေငုတ်ကိုးခုရှိပါတယ်။ ဈေးရဲ့ အရန်မီးသတ်အဖွဲ့ကိုလည်း ဖွဲ့စည်းဖို့ စီစဉ်ထားပါတယ်။

ဆိုင်တွေမှာ လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျရှိရန် စစ်ဆေးပါတယ်။ ဈေးပိတ်ချိန်မှာ ဆိုင်ခန်းမီးသုံးစွဲမှုပိတ်ပြီး လုံခြုံရေးမီးပဲ ထွန်းပါတယ်”ဟု ဈေး၏မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားမှုကို မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဈေးသာယာလှပရေး

ဈေး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အားအနေဖြင့် နေ့စား ၃၅ဦး၊ ပုတ်ပြတ်ဝန်ထမ်း ၂၀နှင့် အမြဲတမ်းဝန်ထမ်းလေးဦးရှိကြောင်း၊ ပုတ်ပြတ်ဝန်ထမ်းများက ဈေးကြီးတစ်ခုလုံးအတွက် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ကြောင်း၊ ဈေးသာယာလှပရေးအတွက် အရိပ်ရပင်များ၊ ပန်းအလှပင်များကို အဖွဲ့ဝန်ထမ်းများကပင် စိုက်ပျိုးကြောင်း သိရသည်။

မြို့မဈေး ပင်မဈေးရုံကို ၄-၅-၂၀၀၆ ရက်က ဖွင့်ခဲ့ပြီး ၈-၁၂-၂၀၀၆ရက်တွင် ဈေးဆိုင်ခန်းစုံ ဖွင့်လှစ်ခဲ့ကြောင်း၊ တနင်္လာနေ့တွင် ဈေး၏ရုံမကြီးပိတ်ပြီး အပြင်ညဈေးတန်းနှင့် ပျံကျဈေးတန်းဖွင့်ထားကြောင်း၊ အင်္ဂါနေ့နှင့် သောကြာနေ့တွင် ဈေးဝယ်သူပို၍များကြောင်း၊ ညနေပိုင်း၌ နေပြည်တော်ရှိ ဌာနပေါင်းစုံမှ ဝန်ထမ်းဖယ်ရီကားများ ဈေး၌ရပ်နားပေးသဖြင့် ဝန်ထမ်းများ ဈေးဝယ်ပြန်ကြကြောင်း၊ ဈေးအနီးဝန်းကျင်၌ ဝန်ထမ်းအိမ်ရာများရှိသဖြင့် ဈေးစည်ကားကြောင်း သိရသည်။

ညနေ၃နာရီခွဲ ညဈေးတန်းဖွင့်ချိန်၌ စားသောက်ဆိုင်များ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း ရောင်းချဆိုင်များ၊ ကုန်စိမ်း၊ သီးနှံစုံ အရောင်းဆိုင်များ စုံလင်စွာ ရောင်းချနေသဖြင့် ဈေးဝယ်သူများဖြင့် လှုပ်ရှားသက်ဝင်လာသည်ကို တွေ့ခဲ့ရသည်။

အဝေးပြေးယာဉ်လိုင်းများ၊ ပွဲရုံများနှင့် မြို့မဈေး ညဈေးတန်းကို ဤသို့ စည်ကားစွာ တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

မြို့မဈေး ညဈေးတန်း၌ စားသောက်ဆိုင်များ၊ အဝတ်အထည်၊ အသုံးအဆောင်ရောင်းချဆိုင်များနှင့် ဈေးဝယ်လာသူများကို စည်စည်ကားကား ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရောင်းဝယ်စည်ကား

သတင်းအဖွဲ့မှ ဈေးအတွင်း ဆိုင်ခန်းများဖွင့်လှစ်ထားမှုကို လေ့လာကြည့်ရာတွင် စတိုးဆိုင်များ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ နာရီအရောင်းဆိုင်၊ အလှပြုပြင်ရေးဆိုင်၊ စာရေးကိရိယာဆိုင်၊ ဒေသထွက် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ စုံလင်စွာဖြင့် ခင်းကျင်းရောင်းချသကဲ့သို့ ဈေးဝယ်သူများမှာလည်း ဒေသခံများ၊ အနယ်နယ် အရပ်ရပ်မှ လာရောက်သူများ၊ နေပြည်တော်နေ ဝန်ထမ်းများဖြင့် ရောင်းဝယ် စည်ကားနေသည်ကို တွေ့ရသည်။

ကျေနပ်နှစ်သက်

ဈေးဝယ်လာသူထဲမှ တစ်ဦးကို မေးမြန်းကြည့်ရာ “ကျွန်မက ဝေဝေသိန်းပါ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းပါ။ သုံးရက်တစ်ခါလောက် ဈေးလာဝယ်ဖြစ်ပါတယ်။ ဒီဈေးမှာ ကုန်စိမ်းသီးနှံများက ဈေးချိုသလို သားငါးများကလည်း ဈေးမှန်၊ အလေးပြည့်ပါတယ်”ဟုမြို့မဈေး၌ ဈေးဝယ်ယူမှုနှင့်ပတ်သက်၍ ကျေနပ်နှစ်သက်ကြောင်း သူမက ဆက်လက်ပြောပြသည်။

“သုံးရက် တစ်ခါလောက် ဈေးဝယ်လာဖြစ်ပါတယ်။ သီးနှံများ ဈေးချိုပြီး သားငါး ဈေးမှန် အလေးပြည့်ပါတယ်။”

မဝေဝေသိန်း

ဈေးဝယ်လာဝန်ထမ်းတစ်ဦး။

သတင်းအဖွဲ့အနေဖြင့် မြို့မဈေး၌ သိလိုသည်များ မေးမြန်းပြီးနောက် ရောင်းဝယ် စည်ကားနေသော ညဈေးတန်း လူအုပ်ကြားမှ တိုးဝှေ့ဖြတ်သန်းကာ ထွက်ခဲ့ပြီး နေပြည်တော်မြို့မဈေး၏ ဖွံ့ဖြိုးစည်ပင်နေမှုကို ကွင်းဆင်း လေ့လာမိခဲ့သမျှ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပျံကျဈေးတန်းတွင် ကုန်ခြောက်သီးနှံ ဝယ်ယူနေကြသူများဖြင့် သက်ဝင် လှုပ်ရှားနေသည့် မြင်ကွင်း....။ (မြန်မာ့အလင်း)

နေပြည်တော်မြို့မဈေး၏ ခံ့ထည်သော အဆောက်အအုံနှင့် ဈေးဝယ်လာရောက်သူများ၊ ရပ်နားထားသော မော်တော်ယာဉ်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ

ရတနာပုံ-ဧယျာရွှေမြေတို့ပွဲစဉ်ဖြင့် ပွဲထွက်မည်

ရန်ကုန် မတ် ၇

၂၀၁၀ ခုနှစ် မတ် ၁၃ရက်တွင် စတင်ကျင်းပမည့် ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက Chatrium ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ပရိကလပ်အသင်းများ၏ ပိုင်ရှင်များ၊ CEO များနှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော စာနယ်ဇင်းမီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ နာယက ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အသင်းတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ဥက္ကဋ္ဌ ဦးဇော်ဇော်က "လာမည့် ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းသုံးသင်း ထပ်တိုးပြီး ၁၁သင်းဖြစ်လာသည့်အတွက် အသင်းတည်ထောင်သူများကို ကျေးဇူးတင်ပါကြောင်း၊ အသင်းတည်ထောင်သူများမှာ ငွေကြေး အကျိုးအမြတ်မရှိဘဲ မြန်မာ့ဘောလုံး တိုးတက်ရေး တစ်ခုတည်းအတွက် ငွေကြေးများစွာ အကုန်အကျခံကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ်တွင် အသင်း ၁၂သင်း ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း ကျင်းပနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ MNL ပွဲစဉ်တိုင်းကို ပရိသတ်များစွာ လာရောက်ကြည့်ရှုအားပေးလာရန် ကြိုးစားသွားမည်ဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားသွားသည်။

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို မတ် ၁၃ ရက်မှ ဇွန် ၁၄ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးရှိ ဗထူးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ တစ်ပတ်လျှင် ငါးပွဲနှုန်းဖြင့် သုဝဏ္ဏကွင်းတွင် စနေ၊ တနင်္ဂနွေနှင့် တနင်္လာ၊ ဗထူးကွင်းတွင် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ ကျင်းပသွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့တွင် ရတနာပုံအသင်းကစားမည့် မတ် ၁၃ ရက်နှင့် ရန်ကုန်မြို့တွင် ရန်ကုန်ယူနိုက်တက်အသင်း ကစားမည့် မတ် ၁၄ရက်တွင် ကျင်းပသွားရန် စီစဉ်နေကြောင်း သိရသည်။ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၄ရက်မှ နိုဝင်ဘာ ၁ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းကာလအတွင်း ရှုံးထွက်ဖလား ပြိုင်ပွဲကိုလည်း အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။ အရန်အသင်းပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမအကျော့ကို MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပြီးဆုံးချိန်နှင့် ဒုတိယအကျော့ကို MNL ပြိုင်ပွဲပြီးဆုံးချိန်တွင် ကျင်းပသွားမည်ဖြစ်သည်။ ဆုကြေးများအဖြစ် ပထမ-ငွေကျပ်သိန်း ၅၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၀၊ တတိယဆု ငွေကျပ်သိန်း ၂၀၀ နှင့် အသန့်ရှင်းဆုံးဆု၊ ဂိုးသွင်းအများဆုံးဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုများပါ ချီးမြှင့်သွားမည်ဖြစ်သည်။

မဲနှိုက်နေရာချ

ပွဲစဉ်ရေးဆွဲပွဲနှင့် စပွန်ဆာကုမ္ပဏီများ စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ညပိုင်း၌ Chatrium ဟိုတယ် Pool Side ၌ ကျင်းပခဲ့သည်။ ပွဲစဉ်များ ရေးဆွဲရာတွင် ၂၀၀၉ MNL အမှတ်ပေး ချန်ပီယံ ရတနာပုံအသင်းအား အမှတ်စဉ်(၁)နှင့် ရန်ကုန်ယူနိုက်တက်အသင်းအား အမှတ်စဉ်(၁၁)ထားကာ ကျန်အသင်းများကို မဲနှိုက်နေရာချထားခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် မဲနှိုက်ရေးဆွဲပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် ပရိကလပ်အသင်းများမှ အသင်းပိုင်ရှင်များ၊ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

စာချုပ်ချုပ်ဆို

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို အဓိက ပံ့ပိုးကူညီသူ International Beverages Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပြိုင်ပွဲအား ပံ့ပိုးကူညီရမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် စပွန်ဆာများအား စာချုပ်ချုပ်ဆိုရာ Co-Sponsor များဖြစ်သည့် Alpine, Blue Mountain, Mamee, Fresh Air-con, Max Cement, KBZ Bank,Myanma Awba, Tea Master, Calsome, Toyo Battery, Canon, Hotel Yangon, Oramin-G, Fluza, Rich Coffee, Myanmar C.P နှင့် Air Bagan တို့က ဘောလုံးအဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့နှင့် စာချုပ်ချုပ်ဆိုကြသည်။ ထို့နောက် ပြိုင်ပွဲဝင် ပရိကလပ်(၁၁)သင်းအား မိတ်ဆက်ပေးပြီး ပွဲစဉ်များကို ရပ်ရှင်အနုပညာရှင်များက မဲနှိုက်ရွေးချယ်ပေးကြသည်။

ပွဲဦးထွက်

ပွဲစဉ်မဲနှိုက်မှုအရ ပွဲဦးထွက်ပွဲစဉ်များအဖြစ် မတ် ၁၃ရက်တွင် မန္တလေးမြို့ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဧယျာရွှေမြေ၊ မတ် ၁၄ရက်တွင် ရန်ကုန်မြို့၌ ကမ္ဘောဇအသင်းနှင့် ရန်ကုန်ယူနိုက်တက်တို့ စတင်ကစားရမည်ဖြစ်သည်။ ပြီး ၂၄ရက်တွင် ကစားရမည့် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်တို့၏ ပထမအကျော့ပွဲစဉ် ကျင်းပမည့်ကွင်းကို မဲနှိုက်ရွေးချယ်ရာ ဗထူးကွင်း၌ ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ၂၀၁၀ MNL အမှတ်ပေး ပြိုင်ပွဲဖြစ်မြောက်ရေး အဓိကပံ့ပိုးသူကုမ္ပဏီတို့ စာချုပ်ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် Co-Sponsor Air-Bagan တို့ စာချုပ်အပြီး။ (မြန်မာ့အလင်း)

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်ဇယား

ပထမအပတ်			
၁၃-၃-၂၀၁၀	ရတနာပုံ	- ဧယျာရွှေမြေ	ဗထူးကွင်း
၁၄-၃-၂၀၁၀	ကမ္ဘောဇ	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
	ဇွဲကပင်ယူနိုက်တက်	- မကွေး	ဗထူးကွင်း
၁၅-၃-၂၀၁၀	မနောမြေ	- ဥဿဘယူနိုက်တက်	သုဝဏ္ဏကွင်း
၁၆-၃-၂၀၁၀	နေပြည်တော်	- ဆောက်သမ်းမြန်မာ	သုဝဏ္ဏကွင်း
ဒုတိယအပတ်			
၂၀-၃-၂၀၁၀	ရတနာပုံ	- ဥဿဘယူနိုက်တက်	ဗထူးကွင်း
	ဧယျာရွှေမြေ	- မကွေး	သုဝဏ္ဏကွင်း
၂၁-၃-၂၀၁၀	မနောမြေ	- ဆောက်သမ်းမြန်မာ	ဗထူးကွင်း
	ဇွဲကပင်ယူနိုက်တက်	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၂၂-၃-၂၀၁၀	ကမ္ဘောဇ	- ဒယ်တာယူနိုက်တက်	သုဝဏ္ဏကွင်း
တတိယအပတ်			
၂၇-၃-၂၀၁၀	ရတနာပုံ	- မကွေး	ဗထူးကွင်း
	ဥဿဘယူနိုက်တက်	- ဆောက်သမ်းမြန်မာ	သုဝဏ္ဏကွင်း
၂၈-၃-၂၀၁၀	ဇွဲကပင်ယူနိုက်တက်	- ဒယ်တာယူနိုက်တက်	ဗထူးကွင်း
	ဧယျာရွှေမြေ	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၂၉-၃-၂၀၁၀	နေပြည်တော်	- ကမ္ဘောဇ	သုဝဏ္ဏကွင်း
စတုတ္ထအပတ်			
၃-၄-၂၀၁၀	ဧယျာရွှေမြေ	- ဒယ်တာယူနိုက်တက်	ဗထူးကွင်း
	မနောမြေ	- ကမ္ဘောဇ	သုဝဏ္ဏကွင်း
၄-၄-၂၀၁၀	ရတနာပုံ	- ဆောက်သမ်းမြန်မာ	ဗထူးကွင်း
	မကွေး	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၅-၄-၂၀၁၀	ဇွဲကပင်ယူနိုက်တက်	- နေပြည်တော်	သုဝဏ္ဏကွင်း
ပဉ္စမအပတ်			
၂၄-၄-၂၀၁၀	ရတနာပုံ	- ရန်ကုန်ယူနိုက်တက်	ဗထူးကွင်း
	မကွေး	- ဒယ်တာယူနိုက်တက်	သုဝဏ္ဏကွင်း
၂၅-၄-၂၀၁၀	ဥဿဘယူနိုက်တက်	- ကမ္ဘောဇ	ဗထူးကွင်း
	ဧယျာရွှေမြေ	- နေပြည်တော်	သုဝဏ္ဏကွင်း
၂၆-၄-၂၀၁၀	မနောမြေ	- ဇွဲကပင်ယူနိုက်တက်	သုဝဏ္ဏကွင်း
ဆဋ္ဌမအပတ်			
၁-၅-၂၀၁၀	ဥဿဘယူနိုက်တက်	- ဇွဲကပင်ယူနိုက်တက်	ဗထူးကွင်း
	ဆောက်သမ်းမြန်မာ	- ကမ္ဘောဇ	သုဝဏ္ဏကွင်း
၂-၅-၂၀၁၀	မကွေး	- နေပြည်တော်	ဗထူးကွင်း
	ဒယ်တာယူနိုက်တက်	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၃-၅-၂၀၁၀	ဧယျာရွှေမြေ	- မနောမြေ	သုဝဏ္ဏကွင်း
သတ္တမအပတ်			
၁၅-၅-၂၀၁၀	ဆောက်သမ်းမြန်မာ	- ဧယျာရွှေမြေ	ဗထူးကွင်း
	ဒယ်တာယူနိုက်တက်	- နေပြည်တော်	သုဝဏ္ဏကွင်း
၁၆-၅-၂၀၁၀	ရတနာပုံ	- ကမ္ဘောဇ	ဗထူးကွင်း
	မနောမြေ	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၁၇-၅-၂၀၁၀	မကွေး	- ဥဿဘယူနိုက်တက်	သုဝဏ္ဏကွင်း
အဋ္ဌမအပတ်			
၂၂-၅-၂၀၁၀	ရတနာပုံ	- နေပြည်တော်	ဗထူးကွင်း
	ကမ္ဘောဇ	- ဇွဲကပင်ယူနိုက်တက်	သုဝဏ္ဏကွင်း
၂၃-၅-၂၀၁၀	ဒယ်တာယူနိုက်တက်	- မနောမြေ	ဗထူးကွင်း
	ဥဿဘယူနိုက်တက်	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၂၄-၅-၂၀၁၀	ဆောက်သမ်းမြန်မာ	- မကွေး	သုဝဏ္ဏကွင်း
နဝမအပတ်			
၂၉-၅-၂၀၁၀	ရတနာပုံ	- ဇွဲကပင်ယူနိုက်တက်	ဗထူးကွင်း
	နေပြည်တော်	- မနောမြေ	သုဝဏ္ဏကွင်း
၃၀-၅-၂၀၁၀	ကမ္ဘောဇ	- ဧယျာရွှေမြေ	ဗထူးကွင်း
	ဆောက်သမ်းမြန်မာ	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၃၁-၅-၂၀၁၀	ဒယ်တာယူနိုက်တက်	- ဥဿဘယူနိုက်တက်	သုဝဏ္ဏကွင်း
ဒသမအပတ်			
၅-၆-၂၀၁၀	ရတနာပုံ	- မနောမြေ	ဗထူးကွင်း
	ဇွဲကပင်ယူနိုက်တက်	- ဧယျာရွှေမြေ	သုဝဏ္ဏကွင်း
၆-၆-၂၀၁၀	နေပြည်တော်	- ဥဿဘယူနိုက်တက်	ဗထူးကွင်း
	ကမ္ဘောဇ	- မကွေး	သုဝဏ္ဏကွင်း
၇-၆-၂၀၁၀	ဒယ်တာယူနိုက်တက်	- ဆောက်သမ်းမြန်မာ	သုဝဏ္ဏကွင်း
ဧကာဒသမအပတ်			
၁၂-၆-၂၀၁၀	ရတနာပုံ	- ဒယ်တာယူနိုက်တက်	ဗထူးကွင်း
	မကွေး	- မနောမြေ	သုဝဏ္ဏကွင်း
၁၃-၆-၂၀၁၀	ဆောက်သမ်းမြန်မာ	- ဇွဲကပင်ယူနိုက်တက်	ဗထူးကွင်း
	နေပြည်တော်	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၁၄-၆-၂၀၁၀	ဥဿဘယူနိုက်တက်	- ဧယျာရွှေမြေ	သုဝဏ္ဏကွင်း

မိုင်းဆတ်ခရိုင် နောင်ဖာကျေးရွာ

ပြန်/ဆက်ဦးစီးဌာန ညွှန်မှူးနှင့် ခရိုင်ဥက္ကဋ္ဌ ကြည့်ရှု

ကျိုင်းတုံ မတ် ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်တို့သည် ဖေဖော်ဝါရီ ၂၇ရက်က မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် နောင်ဖာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်တို့လိုက်ပါလျက် နောင်ဖာကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နောင်ဖာကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံ၍ စံ(၅)ချက်ညီ စာကြည့်တိုက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၂၁) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော တတိယတန်းမှ မအင်ကြင်းဖြူအား ရွှေပြည်သာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ခင်ဦး၌

မီးဘေးကြိုတင်ကာကွယ်ရေး

လှုံ့ဆော် သတိပေး

ခင်ဦး မတ် ၇

ခင်ဦးမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ခင်ဦးမြို့ပေါ် လေးရပ်ကွက်၌ မြို့နယ်မီးသတ်တပ်ဖွဲ့ ခေတ္တ စခန်းတာဝန်ခံ မီးသတ်တပ်ကြပ် မင်းအောင်နှင့် သန္နေအရန်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ရက် ညပိုင်းက အသံချဲ့စက်ဖြင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြေညာချက်အမှတ်(၁/၂၀၁၀)ကို လှုံ့ဆော်သတိပေးခဲ့သည်။ **(၁၈၂)**

* ရှေ့ဖုံးမှ

စိုက်ပျိုးရေ

ဆည်တမံများ တည်ဆောက်ကာ ရေသိုလှောင်ခြင်း၊ စိုက်ပျိုးရေ ပေးဝေနိုင်ရန် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးခြင်း၊ သဘာဝမြေအောက်ရေကို စက်ဖြင့်စုပ်ယူသယ်တင်ခြင်း၊ အဝီစိတွင်းများတူးဖော်ခြင်း၊ တောင်ကျရေများကို တာပေါင်ပိတ်ခြင်း စသောနည်းလမ်းပေါင်းစုံဖြင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခဲ့ကြသည်။

ငကျော်တာပေါင်

ယခုလည်း မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုနှင့် မြေတူး၊ မြေထိုး စက်ယန္တရားကြီးများ ပံ့ပိုးမှု၊ ဆည်မြောင်းဦးစီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းမှုတို့ဖြင့် မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာအုပ်စု ငကျော်လေးကျေးရွာအနီး ဧရာဝတီမြစ်ရေဖြင့် မိုးစပါးဧက ၁၀၀ စိုက်ပျိုးနိုင်ရန် ရည်ရွယ်ဆောက်လုပ်သည့် ငကျော်တာပေါင် တည်ဆောက်ပြီးစီးမှုကို မြန်မာ့အလင်း သတင်းအဖွဲ့မှ သွားရောက်လေ့လာခွင့်ရခဲ့သည်။

တစ်မျှော်တစ်ခေါ်

ပခုက္ကူမြို့တောင်ဘက် ၁၂မိုင်ဖြာလုံအကွာ ပခုက္ကူ - ဆိပ်ဖြူကားလမ်းဘေးတွင်ရှိသည်။ ကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံ ကုလားပဲစိုက်ခင်း၊ ငရုတ်စိုက်ခင်း၊ ဆေးရွက်ကြီးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။

“အရင်ကဆို ဝင်လာတဲ့ မြစ်ရေ ပြန်မထွက်သွားအောင် ကိုယ့်အားကိုယ်ကိုးပြီး သဲအိတ်တွေ ချထားပေးရပါတယ်”

ဦးကျော်ငွေ
ကျေးရွာဥက္ကဋ္ဌ
ငကျော်လေးကျေးရွာ။

ရေဧက ပေ ၁၀၀စီ သိုလှောင်နိုင်မည့် ရေကန်ငယ် သုံးကန်ကို တာပေါင်ကြီးဘေးတွင် တူးဖော်ထားသည်ကို တွေ့ရသည်မှာ....။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

အခက်အခဲများ လွတ်မြောက်

သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး (မြို့ပြ)မှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက တာပေါင်တည်ဆောက်ရခြင်းကို ရှင်းလင်းပြောကြားရာတွင် “ယခုတာပေါင်တည်ဆောက်ပေးသော နေရာတွင် ငကျော်လေးနှင့် ငကျော်ကြီးကျေးရွာ နှစ်ရွာရှိကြောင်း၊ ရွာနှစ်ရွာစလုံး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးမြူကြကြောင်း၊ မိုးရွာသွန်းမှုနည်းပါးသဖြင့် စိုက်ပျိုးရေရရှိရန် ဧရာဝတီမြစ်ရေကို အားထားရကြောင်း၊ မိုးရာသီ ဧရာဝတီမြစ်ရေကြီးချိန်တွင် လယ်မြေအတွင်းဝင်လာသော မြစ်ရေများကို မြစ်ရေကျချိန်၌ ပြန်မထွက်စေရန်အတွက် မိမိလယ်မြေအလိုက် ကန်သင်းများပေါ်တွင် သဲအိတ်များချကာ မြစ်ရေကို သိုလှောင်သိမ်းဆည်းထားရကြောင်း၊ မြစ်ရေအတက်ကြမ်း၍ ခါးရေမြုပ်လျှင်လည်း စိုက်ပျိုးထားသော စပါးပင်များ သေကျေပျက်စီးရကြောင်း၊ မသေဘဲ ရှင်ကျန်နေသော စပါးပင်များမှာလည်း နောက်ဆုံးအောင်ရေမရပြန်လျှင် စပါးအထွက်နှုန်း

“တာပေါင်မရှိခင်က မြစ်ရေကြီးပြီး ရွာထဲရေဝင်လို့ ရွှေ့ပြောင်းနေရတယ်။ အခုတော့ ပူစရာမလိုတော့ဘူး”

ဦးဖုန်းဝယ်(တောင်သူ)
ငကျော်လေးကျေးရွာ။

ကျဆင်းရပြန်ကြောင်း၊ အဆိုပါအခက်အခဲများမှ လွတ်မြောက်စေရန် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကွပ်ကဲမှု၊ မြေတူးစက်၊ မြေထိုးစက်များပါပံ့ပိုးမှု၊ ပခုက္ကူ ဆည်မြောင်းဦးစီးဌာန၏ နည်းပညာနှင့် ရန်ပုံငွေပံ့ပိုးမှုတို့ဖြင့် ငကျော်တာပေါင်ကို ၂၀၀၉ခုနှစ် အောက်တိုဘာလမှ စတင် တည်ဆောက်ခဲ့ရာ ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးကြောင်း၊ တည်ဆောက်ချိန် လေးလကြာမြင့်ခဲ့ကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

တည်ဆောက်

ငကျော်တာပေါင်မှာ ပခုက္ကူ-ဆိပ်ဖြူကားလမ်း ငကျော်လေးရိုးမှ ငကျော်လေးကျေးရွာအထိ အလျားပေ ၆၂၀၀၊ တာပေါင်ထိပ်ဝအကျယ် ၁၂ပေ

“လယ်မြေဧက ၁၀၀အတွက် စိုက်ပျိုးရေ ထိန်းသိမ်းသိုလှောင်ထားပြီး အောင်ရေ ပေးဝေနိုင်ရန် ငကျော်တာပေါင် တည်ဆောက်ရခြင်း ဖြစ်ပါတယ်”

ဦးဝင်းမြင့်ဦး
ဒုတိယဦးစီးမှူး
ဆည်မြောင်းဦးစီးဌာန။

နှင့် ဧရာဝတီမြစ်ရေ အမြင့်ဆုံးတက်ရောက်သော ရေမှတ်ဖြင့်ချိန်၍ အမြင့် ရှစ်ပေ တည်ဆောက်ထားသည်။ အလျား လေးပေ၊ အမြင့် ငါးပေရှိ သံရေတံခါးပေါက် ပြုလုပ်ထားသည်။ ရေတံခါးနံရံကို အုတ်စီကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး ရေတံခါး အဖွင့်အပိတ်လွယ်ကူရန် အပေါ်ပေါင်တန်းများကိုလည်း သံပေါင်များဖြင့် ပြုလုပ်ထားသည်ကို တွေ့ခဲ့ရသည်။

အကျိုးရှိ

မြစ်ရေသွင်းခြင်း၊ ထုတ်ခြင်းနှင့် သိုလှောင်ခြင်းများကို ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက ဆက်လက်ရှင်းပြရာတွင် မြစ်ရေတက်လာချိန်မှ ရေတံခါးဖွင့်ပေးပြီး စိုက်ပျိုးရေလုံလောက်လျှင် ရေတံခါး ပိတ်ထားမည်ဖြစ်ကြောင်း၊ ယင်းအတွက် စပါးပင်များ ရေနစ်မြုပ်ပျက်စီးခြင်းမှ ကင်းဝေးခဲ့ပြီဖြစ်ကြောင်း၊

“ရေမြောင်းတွေ ရေကန်ငယ်တွေပါ တူးပေးထားတော့ ကျွဲ၊ နွားသောက်ရေပါရတော့ အားလုံး အဆင်ပြေသွားတာပေါ့”

ဦးဝင်းထွန်း(တောင်သူ)
ငကျော်လေးကျေးရွာ။

နောက်တစ်ကြိမ် ရေဝင်လာလျှင် အောင်ရေအတွက် သိုလှောင်ထားရန် အရှည်ပေ ၄၀၀၀၊ အနက် ငါးပေရှိ ရေမြောင်းကြီးများ တူးဖော်ထားကြောင်း၊ ရေဧကပေ ၁၀၀ သိုလှောင်ထားနိုင်သည့် ရေကန်ငယ် သုံးကန်လည်း တူးဖော်ထားကြောင်း၊ မိုးမရွာ၊ နောက်ထပ် ရေမဝင်လည်း ပူပင်စရာမလိုတော့ကြောင်း၊ မြောင်းနှင့်ကန်ငယ်များမှ သိုလှောင်ထားသောရေများဖြင့် လယ်မြေများအတွက် အောင်ရေသေချာပြီဖြစ်ပါကြောင်း၊ မူလ စိုက်ဧက ၅၀သာရှိရာမှ တာပေါင်နှင့် ရေတံခါးတို့ကြောင့် ဧက ၅၀ တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်၍ ဧက ၁၀၀ အကျိုးရှိလာမှာဖြစ်ကြောင်း”ဖြင့် ရှင်းလင်းပြောကြားသည်။

တာပေါင်ပေါ်တွင် အသင့်တွေ့ရသော ကျေးရွာဥက္ကဋ္ဌ ဦးကျော်ငွေက “ငကျော်လေးရွာမှာ အိမ်ထောင်စု ၈၁စုနဲ့ လူဦးရေ ၃၅၀ရှိပါတယ်။ မိရိုးဖလာ စပါးစိုက်၊ ပဲစိုက်ကြတာပါ။ ဝင်လာတဲ့မြစ်ရေကို ပြန်ထွက်မသွားအောင် ကိုယ့်အားကိုယ်ကိုးပြီး သဲအိတ်တွေနဲ့ ကာထားရတယ်၊ နိမ့်နိမ့်လေးပေါ့။ မြစ်ရေ အတက်ကြမ်းလာရင် စိုက်ထားတဲ့ စပါးတွေ ရေမြုပ်ပျက်စီးတဲ့အပြင် ရွာထဲပါရေဝင်လာလို့ ဒုက္ခရောက်ရတယ်။ အခု တာပေါင်ကြီးဖို့ပေးလိုက်တော့ အဲဒီဒုက္ခတွေက ကင်းသွားတယ်။ နောက်ပြီး တာပေါင်ကြီးပေါ်လာလို့ အရင်ကလို မိုးရာသီမှာ ရွှံ့ထဲ ဗွက်ထဲ လမ်းမသွားရတော့ဘူး။ တာပေါင်ကြီးပေါ်က သွားလို့ရပြီ”ဟု ပြုံးရွှင်စွာ ပြောပြသည်။

ငကျော်လေးကျေးရွာ တောင်သူ ဦးဖုန်းဝယ်က “ကျုပ်က ဒီရွာဇာတိပါ၊ အသက် ၆၁နှစ်ရှိပြီ၊ အရင်ကဆို မြစ်ရေကြီးပြီး ရွာထဲရေဝင်လို့ ရွှေ့ပြောင်းနေရတာတွေလဲ ရှိတယ်။ တော်သလင်းမှာ စပါးစိုက်တယ်။ မိုးမရွာလို့ မြစ်ရေတက်မှ စိုက်ရတာ။ နတ်တော်လကျမှ ပဲစိုက်တယ်၊ မိုးမှာ စပါးစိုက်တာ အောင်ရေမရတော့ လယ်ပျက်ပြီး စပါးမထွက်တော့ဘူး။ အခု တာပေါင်ကြီး တည်ဆောက်ပြီး ရေတံခါးအဖွင့်အပိတ်နဲ့ လိုသလောက်ဖွင့်၊ မလိုရင်ပိတ်ဆိုတော့ ကျုပ်တို့ရွာ ဟန်ကျပြီပေါ့ဗျာ။ စီမံဆောင်ရွက်ပေးတဲ့ လူကြီးတွေကိုလည်း အထူး ကျေးဇူးတင်ပေါ့ဗျာ” ဟု ဝမ်းပန်းတသာ ပြောပြသည်။

ကျေးဇူးတင်

လယ်တဲအသွား တောင်သူ ဦးဝင်းထွန်းကလည်း “တောင်သူအားနဲ့ လုပ်လို့မဖြစ်တဲ့ တာပေါင်ကြီးကို အစိုးရက စက်ကြီးတွေနဲ့ လုပ်ပေးလို့ နိုင်ငံတော်အစိုးရကို အထူး ကျေးဇူးတင်ပါတယ်။ အခုဆို လယ်တွေရေမြုပ်ပြီး ပျက်စီးမှာလဲ မပူရတော့ဘူး။ စပါးအတွက် အောင်ရေမရမှာလဲ မပူရတော့ဘူး။ ရေမြောင်းတွေ၊ ရေကန်ငယ်တွေလဲ တူးပေးထားတော့ ကျွဲ၊ နွားတွေအတွက် သောက်သုံးရေပါရတော့ အားလုံးအဆင်ပြေသွားပြီပေါ့ဗျာ”ဟု ပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့တွင် တစ်ပိဿာငွေကျပ် ၄၀၀၀ဈေးပေါက်သော ငရုတ်တောင့်ရှည်များကို တစ်ပိဿာငွေကျပ် ၂၂၀၀ဈေးဖြင့် ရောင်းချရန် အလုပ်သမလေးများက ရွေးချယ်သန့်စင်ကြစဉ်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ငကျော်လေးကျေးရွာ အနီး မြေကွက်လပ်တွင် ငရုတ်သီးများ ဆွတ်ခူးပြီး ရောင်းတမ်းဝင်ရန် နေလှန်းထားစဉ်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ဧရာဝတီမြစ်ရေကို အသွင်းအထုတ် ပြုလုပ်... အမြင့် ငါးပေရှိ ကွန်ကရစ်ပေါင်နှင့် သံပြားရေတံခါး... ထားသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း...

မြောက်ပိုင်းစွန်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝဒသမ ၁၆လက်မနှင့် မချမ်းဘောမြို့တွင် ဝဒသမ ဝ၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အရှယ်သုံးပါး** တရားတော် (ဆရာတော်အရှင်ဇဋိလ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၃)
၈:၃၀	Sports World
၈:၅၅	Activities in the City (ပဋိကတ်သုံးပုံလှူဒါန်းပူဇော်ပွဲ)
၉:၀၀	မင်္ဂလာဆောင်ပြီး ချောင်းသာဟန်းနီးမွန်းထွက်မယ်
၉:၁၅	၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၉:၄၀	Global Panorama
၁၀:၃၀	Activities in the City - အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်မှ အလှူတော်မင်္ဂလာ - Dumex World Member Gathering Party
၁၀:၅၅	International Show Biz
၁၁:၁၅	ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ)
၁၁:၄၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၂:၁၅	မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သော ဖြစ်ရပ်မှန်များ (MTV Exit)
၁၂:၄၅	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁:၀၀	**အရှယ်သုံးပါး** တရားတော် (ဆရာတော်အရှင်ဇဋိလ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၃:၂၀	Activities in the City (ပဋိကတ်သုံးပုံလှူဒါန်းပူဇော်ပွဲ)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၃)
၄:၀၀	မူဟန်ကိုယ်စီတေးကိုသီ
၄:၁၀	**ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ၊ ငှက်ပျောကြော်
၄:၂၀	ခေတ်အဆက်ဆက် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ
၄:၃၀	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၅:၀၅	2009 Europe Music Awards
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၆:၅၅	စာအုပ်ပြခန်း (Knowledge Bridge မဂ္ဂဇင်း)
၇:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၇:၃၅	Shooting Making **(မချောဆယ်ယောက် ကိုယ်တစ်ယောက်)**
၈:၀၀	MRTV-4 သတင်း
၈:၃၀	2009 Europe Music Awards
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၃)
၁၀:၀၀	**ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ၊ ငှက်ပျောကြော်
၁၀:၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၀:၃၀	အနုပညာမိုးကောင်းကင်
၁၀:၄၅	စာအုပ်ပြခန်း (Knowledge Bridge မဂ္ဂဇင်း)
၁၁:၀၀	Shooting Making **(မချောဆယ်ယောက် ကိုယ်တစ်ယောက်)**
၁၁:၂၀	၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၁:၃၅	မင်္ဂလာဆောင်ပြီး ချောင်းသာဟန်းနီးမွန်းထွက်မယ်
၁၁:၅၀	ဆန်းသစ်လှပခေတ်မီသော မြန်မာ့ချည်ထည်အဆင်ဆန်းများ
၁၂:၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Wigan- Liverpool	ESPN (Live)

ကျေးဇူးတင်

လယ်တဲအသွား တောင်သူ ဦးဝင်းထွန်းကလည်း ''တောင်သူအားနဲ့ လုပ်လို့မဖြစ်တဲ့ တာပေါင်ကြီးကို အစိုးရက စက်ကြီးတွေနဲ့ လုပ်ပေးလို့ နိုင်ငံတော်အစိုးရကို အထူး ကျေးဇူးတင်ပါတယ်။ အခုဆို လယ်တွေရေမြုပ်ပြီး ပျက်စီးမှာလဲ မပူရတော့ဘူး။ စပါးအတွက် အောင်ရေမရမှာလဲ မပူရတော့ဘူး။ ရေမြောင်းတွေ၊ ရေကန်ငယ်တွေလဲ တူးပေးထားတော့ ကျွဲ၊ နွားတွေအတွက် သောက်သုံးရေပါရတော့ အားလုံးအဆင်ပြေသွားပြီပေါ့ဗျာ'' ဟု ပြောကြားသွားခဲ့သည်။

ဝမ်းပန်းတသာ

နိုင်ငံတော်က ဒေသဆန်ဖူလုံရေးနှင့် ကျေးရွာပြည်သူများ မြစ်ရေကြီးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် ငွေကျပ် ၃၅သန်း အကုန်အကျခံ၍ ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာအုပ်စု ငကျော်တာပေါင် တည်ဆောက်ပေးခြင်းကို ကျေးရွာပြည်သူများ ဝမ်းပန်းတသာ ပျော်ရွှင်နေကြပြီး နိုင်ငံတော်အစိုးရကို ကျေးဇူးတင်လျက် ရှိနေကြပါကြောင်း သတင်းမြင်ကွင်းအဖြစ် ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရောဝတီမြစ်ရေကို အသွင်းအထုတ် ပြုလုပ်ပေးမည့် အလျား လေးပေ၊ အမြင့် ငါးပေရှိ ကွန်ကရစ်ပေါင်နှင့် သံပြားရေတံခါးကို ဤသို့ တည်ဆောက်ထားသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

နေပြည်တော်ဥတ္တရသီရိမြို့၌ ရွှေပုစွန် အအေးနှင့် ကိတ်မျိုးစုံအရောင်းဆိုင်သစ်ဖွင့်

ဖဲကြိုးဖြတ်ဖွင့်လှစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ရွှေပုစွန်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်စိုးလင်းတို့ နေပြည်တော် ဥတ္တရသီရိမြို့ ရွှေပုစွန်ကုမ္ပဏီလီမိတက်၏ ရွှေပုစွန် အအေးနှင့်ကိတ်မျိုးစုံ အရောင်းဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၇

နေပြည်တော် ဥတ္တရသီရိမြို့၌ ရွှေပုစွန်ကုမ္ပဏီလီမိတက်၏ အအေးနှင့် ကိတ်မျိုးစုံ အရောင်းဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ရွှေပုစွန်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်စိုးလင်းတို့က ရွှေပုစွန် အအေးနှင့်ကိတ်မျိုးစုံဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရွှေပုစွန်အအေးနှင့်ကိတ်မျိုးစုံ ခင်းကျင်းရောင်းချမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရောင်းချမည်

ယခု အသစ်ဖွင့်လှစ်သည့် အရောင်းဆိုင်သစ်သည် နေပြည်တော် ဥတ္တရသီရိမြို့ အင်ကြင်းပန်းအဝိုင်း အနီး၌တည်ရှိပြီး ကိတ်စိုအမျိုးပေါင်း ၁၀၀ကျော်၊ ကိတ်ခြောက်အမျိုးပေါင်း ၅၀ကျော်၊ အအေးမျိုးစုံ ၇၀ကျော်တို့ကို နေ့စဉ် နံနက် ၈နာရီမှ ည ၉နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာစက်မှုပြပွဲ ၂၀၁၀
ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပြခန်းပါဝင်ပြသ

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ မြန်မာစက်မှုပြပွဲ ၂၀၁၀ ကို ပြသလျက်ရှိရာ မောင်မောင်ထွန်း အီလက်ထရွန်နစ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်ကို ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

စွမ်းဆောင်ရည်မြင့်မား

မောင်မောင်ထွန်း အီလက်ထရွန်နစ်က တင်သွင်းသော MIVA အမှတ်တံဆိပ် ဆိုလာစနစ်သည် နည်းပညာ စွမ်းဆောင်ရည်မြင့်မားပြီး နေအိမ်သုံး လေးပေမီးချောင်း၊ တီဗွီ၊ ဒီဗွီဒီတို့အပြင် ပန်ကာ၊ ကွန်ပျူတာများပါ အသုံးပြုနိုင်ခြင်းကြောင့် ပြပွဲလာ ပရိသတ်များ စိတ်ဝင်စားမှုရှိသော ပြခန်းဖြစ်သည်။

အသုံးပြုနိုင်

ယင်းစနစ်တွင် ပါဝင်သော ဆိုလာပြားမှာ ဂျာမနီနည်းပညာဖြင့် ထုတ်လုပ်သော Mono Crystalline Sillicon Cells များကို အသုံးပြုထားသောကြောင့် ဆိုလာပြားမှာ မည်သည့်နေရာတွင်မဆို အသုံးပြုနိုင်ပြီး နှစ်ပေါင်း နှစ်ဆယ်အထိ သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်သည်။

ဝယ်ယူနိုင်

MIVA မှ ထုတ်လုပ်သော MAC 1000 ကွန်ဗာတာသည် လျှပ်စစ်ကြိမ်နှုန်း 50Hz အပြည့်ထွက်သည့်အပြင် AVR စနစ်ထည့်သွင်းထားသည့်အတွက် မီးအား အတက်အကျကို အလိုအလျောက် ညှိထားနိုင်ပြီး Solar Controller Over Charge Protector များ ပါဝင်သည့်အတွက် အားသွင်းရာတွင် အပူချိန်လွန်ကဲပြီး မီးလောင်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ ဖော်ပြပါ ပစ္စည်းများကို မောင်မောင်ထွန်း အီလက်ထရွန်နစ် ရန်ကုန်မြို့ လသာမြို့နယ် အနော်ရထာလမ်း (၂၃လမ်းထောင့်) အမှတ် (၁၉/၂၁)တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်အလှနှင့် အင်းတော်ကြီးဒေသ

သဘာဝပတ်ဝန်းကျင် သတင်းသုတနှင့်ဓာတ်ပုံမှတ်တမ်း-သတင်းထောက်မျိုးအောင် (မိုးညှင်း)

အင်းတော်ကြီးအင်းသည် ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက သဘာဝအလျောက် ဖြစ်ပေါ်လာခဲ့သော ကုန်းတွင်းရေတိမ်ဒေသအဖြစ် ထင်ရှားသည်။ အရှေ့တောင်အာရှတွင် ရေပြင်စတုရန်းမိုင် ၁၀၀ ကျယ်ဝန်းသည့် အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသဖြစ်သည်ဟူ၍လည်း သုတေသီများက အသိအမှတ်ပြုထားသည်။

သတင်းသမားနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၀ရက်က သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးဌာန (အင်းတော်ကြီးဘေးမဲ့တော) မြို့နယ်ဦးစီးမှူး၏ စီစဉ်ပေးမှုဖြင့် အင်းတော်ကြီးဒေသသို့ ရောက်ရှိခဲ့သည်။ မိုးညှင်းမြို့မှ အင်းတော်ကြီးဒေသသို့ သွားရောက်နိုင်သည့်လမ်းမှာ မိုးညှင်း-ဟိုပင်မှ အင်းတော်ကြီး ကားလမ်း၊ မိုးညှင်း-ဇီးကုန်းမှ အင်းတော်ကြီးကားလမ်း၊ မိုးညှင်း-အုန်းစံဆိုင်မှ အင်းတော်ကြီး ကားလမ်း စသည်ဖြင့် ဖြစ်သည်။

မြို့နယ်သတင်းအဖွဲ့သည် မိုးညှင်း-အုန်းစံဆိုင်ကားလမ်းသစ်မှ အင်းတော်ကြီးဒေသ လုံးတုံကျေးရွာသို့ သွားရောက်ခဲ့ရာ ၁နာရီ မိနစ် ၂၀မျှသာ စီးနင်းခဲ့ရသည်။ အခြားလမ်းမှသွားလျှင် အချိန်နှစ်နာရီကျော်ကြာ စီးကြရသည်။ ယခုမူ လမ်းပန်းဆက်သွယ်ရေးခရီးများ အချိန်တိုအတွင်း သွားလာရောက်ရှိနိုင်ကြပေပြီ။

အသိစိတ်ဓာတ်

ဒေသဖွံ့ဖြိုးရေး တိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူတို့ကလည်း ဝိုင်းဝန်းထိန်းသိမ်းခြင်း အသိစိတ်ဓာတ်များဖြင့် ပါဝင်လျက်ရှိကြသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီ ၁၁ရက်၊ ၁၂ရက်၊ ၁၃ရက်များက ဖြစ်သည်။ အင်းတော်ကြီးအင်းပတ်ဝန်းကျင် အနောက်ဘက်ကမ်းရှိ ညောင်ပင်၊ နန့်တောင်းဆည်၊ နန့်မီးလောင်၊ လွဲမွန်၊ လုံးကောက်၊ နန့်ဖောင်းခင်၊ လုံးတုံ၊ မမုံကိုင်၊ မိုင်းနောင်ကျေးရွာနှင့် အရှေ့ဘက်ကမ်းရှိ ရွှေလက်ပန်၊ လယ်ပုံ၊ ဟဲပါး၊ ဟဲပု၊ နန့်မောက္ကန်၊ လုံးစန့်၊ ရွာသစ်၊ နန်းမွန်းကျေးရွာများ စုစုပေါင်း ၁၇ရွာမှ ဒေသခံပြည်သူ ၂၀၀၀ ကျော်တို့သည် အင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းဆောင်ရွက်ကြသည်။

စွန့်ပစ်ပလတ်စတစ်များကို ကောက်ယူရှင်းလင်းကြသည်။ ဤသို့သော မြင်ကွင်းများဆီ သတင်းအဖွဲ့သည်ကားဆိုင်ကယ်၊ စက်လှေစသည်ဖြင့် ကျေးရွာများသို့ လှည့်လည်လေ့လာကြည့်ရှု မှတ်တမ်းတင်ခွင့်ရခဲ့သည်။

သဘာဝသယံဇာတ

သတင်းအဖွဲ့တို့ သဘာဝပတ်ဝန်းကျင် (အင်းတော်ကြီးဘေးမဲ့တော) တာဝန်ခံ၊ ငါးလုပ်ငန်းဦးစီးဌာန ဒေသတာဝန်ခံတို့နှင့် ဆွေးနွေးစကားဝိုင်းတွင် အင်းတော်ကြီးဒေသ၏ ဇီဝမျိုးစုံ မျိုးကွဲ၊ သယံဇာတ သိမှတ်စရာများကို မှတ်သားခဲ့ရသည်။ ရေပျော်ငှက် ၉၉မျိုး၊ ကုန်းနေမျိုး ၃၅၀၊ ကုန်းနှင့်ရေနေ ၃၈မျိုး၊ ရေပျော်နှင့်သစ်တောငှက် ၄၄၉မျိုးရှိပြီး သစ်ပင်မျိုးစိတ် ၈၀၊ သစ်ခွမျိုးစိတ် ၆၁၊ ဆေးဖက်ဝင်အပင် ၄၈၊ ဝါး ကိုးမျိုး၊ ကြိမ် ငါးမျိုး၊ မြက်ပင် ၁၄မျိုးရှိသည်ဟု ဝန်းကျင်သားငှက် မြို့နယ်ဦးစီးမှူးက ရှင်းပြသည်။ အထူးသဖြင့် ရှားပါးသော ရေနယားငါး အင်းတော်ကြီးအတွင်း၌ရှိနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒေသတာဝန်ခံက စိတ်ဝင်စားဖွယ် ပြောပြသည်။

သဘာဝအလှအပ

လုံးတုံကျေးရွာတွင် ဒေသအခြေအနေအပေါ်တည်မှီ၍ ကားလမ်းနှင့်အင်းကမ်းအကြား ခံ့ညားစွာ တည်ဆောက်ထားသည့် အင်းတော်မဟာတည်းခိုရိပ်သာ၌ သတင်းသမားတို့ စခန်းချအိပ်နားစဉ် နိုင်ငံရပ်ခြားမှ ခရီးသည် မောင်နှံနှစ်တွဲကိုလည်း ဆုံတွေ့စကားပြောမိသည်။ သူတို့က ''မြန်မာနိုင်ငံ ပထဝီဝင် တောတောင်ရေမြေသဘာဝ အလှအပတွေကိုမြင်တွေ့ရတာ စိတ်ကျေနပ်စရာကောင်းပါတယ်။ စိတ်ကြည်လင်ရပါတယ်''ဟု အပြုံးဖြင့် ဖွင့်ဟခဲ့ကြသည်။

ဇီဝမျိုးကွဲ

အင်းတော်ကြီးဒေသတွင် ဇီဝမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း သုတေသန အထောက်အကူပြုလုပ်ငန်း၊ သဘာဝအခြေခံခရီးသွား အထောက်အကူပြု လုပ်ငန်းများနှင့် ရုပ်မြင်သံကြားစက် တိုးမြှင့်တပ်ဆင်ပေးခြင်းလုပ်ငန်း၊ CDMA ဖုန်းတပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဌာနများက စီမံဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေး လူနေမှုဘဝနှင့် သဘာဝအခြေခံလုပ်ငန်းများ ယခုထက်ပိုမို စည်ပင်လာတော့မည်ဟု တွေးတောမိရင်း ကျေနပ်မှုပီတိ တသိမ့်သိမ့် ခံစားနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

အင်းတော်ကြီးကန်ရေပြင်၏ သဘာဝအလှ။ (မြန်မာ့အလင်း)

၁၀:၀၀	**ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ၊ ငှက်ပျောကြော်
၁၀:၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၀:၃၀	အနုပညာမိုးကောင်းကင်
၁၀:၄၅	စာအုပ်ပြခန်း (Knowledge Bridge မဂ္ဂဇင်း)
၁၁:၀၀	Shooting Making **(မချောဆယ်ယောက် ကိုယ်တစ်ယောက်)**
၁၁:၂၀	၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၁:၃၅	မင်္ဂလာဆောင်ပြီး ချောင်းသာဟန်းနီးမွန်းထွက်မယ်
၁၁:၅၀	ဆန်းသစ်လှပခေတ်မီသော မြန်မာ့ချည်ထည်အဆင်ဆန်းများ
၁၂:၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

...ဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ...ဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် ...HF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

...mier League ဘောလုံးပွဲစဉ်

ပွဲစဉ်	ပြသမည့်လိုင်း
...n- Liverpool	ESPN (Live)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချပေး

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုပင် တစ်နည်းမဟုတ် တစ်နည်းခံစားနေကြရသဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးသည် ကျွန်ုပ်တို့၏ ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်သော ပြဿနာကြီးဖြစ်နေပါသည်။

ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာခြင်းသည်လည်း မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု များပြားလာခြင်းကြောင့်ဖြစ်သည်ကို သိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးသည် ကျွန်ုပ်တို့လူသားတိုင်း၏ မဖြစ်မနေ ဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ဖြစ်၍ လာပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချရာတွင်(၁)ထုတ်လွှတ်မှုနည်းအောင် ဆောင်ရွက်ခြင်းနှင့် (၂) ထုတ်လွှတ်ပြီးဓာတ်ငွေ့များ လျော့နည်းသွားစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်း၊ ရှိပြီးသစ်ပင် သစ်တောများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါသည်။

ကိုယ်ပိုင်မော်တော်ကားရှိသော မိသားစုတစ်စုသည် တစ်ရက်လျှင် ပျမ်းမျှ ဓာတ်ဆီတစ်ဂါလန်သုံးစွဲသည်ဆိုလျှင် ၄င်းမိသားစုသည် တစ်နှစ်လျှင် ဓာတ်ဆီ ၃၆၅ဂါလန် သုံးစွဲပါမည်။ သုတေသနပြုချက်များအရ ပုံမှန်အင်ဂျင်တပ်ဆင်ထားသည့် မော်တော်ကားတစ်စီးသည် ဓာတ်ဆီတစ်ဂါလန်ကုန်အောင် မောင်းနှင်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့(CO_2) ၁၀ ဒသမ ၃၉၅ ကီလိုဂရမ်၊ မီသိန်းဓာတ်ငွေ့(CH_4) ၀ ဒသမ ၀၀၀၄၅ ကီလိုဂရမ်နှင့် နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့(N_2O) ၀ ဒသမ ၀၀၀၀၉ ကီလိုဂရမ် ထုတ်လွှတ်ကြောင်း မှတ်သားရပါသည်။ အပူကိုစုပ်ယူနိုင်မှု တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးအောင် စွမ်းဆောင်မှု (Global Warming Potentials-GWP)တွင် CH_4 သည် CO_2၏ ၂၁ဆ၊ N_2O သည် CO_2၏ အဆ ၃၁၀ ရှိသောကြောင့် ဖော်ပြပါဓာတ်ငွေ့သုံးမျိုး၏ ထုတ်လွှတ်မှုပမာဏပေါင်းသည် CO_2 (CO_2 equivalent ဖြင့် ဖော်ပြလေ့ရှိပါသည်။) ၁၀ ဒသမ ၄ ကီလိုဂရမ်ခန့်နှင့် ညီမျှပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မိသားစု၏ မော်တော်ကားမှ တစ်နှစ်လျှင် CO_2 ၃ ဒသမ ၈ မက်ထရစ်တန်ခန့် ထုတ်လွှတ်ပါမည်။

ထိုနည်းတူပင် ဒီဇယ်တစ်ဂါလန်မှ CO_2 ၁၂ ဒသမ ၆ ကီလိုဂရမ်ခန့် ထုတ်လွှတ်သဖြင့် တစ်ရက်လျှင် ဒီဇယ်တစ်ဂါလန် သုံးစွဲသည့် မော်တော်ကားတစ်စီးမှ တစ်နှစ်လျှင် CO_2 ၄ ဒသမ ၄ မက်ထရစ်တန်ခန့် ထုတ်လွှတ်ပါမည်။

၉ပေ × ၉ပေ အကွာဖြင့် စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်း တစ်ဧကတွင် သစ်ပင်ပေါင်း ၅၄၀ ရှိပြီး တိုင်းတာချက်များအရ ယင်းသစ်ပင်များက တစ်နှစ်လျှင် ပျမ်းမျှ ကာဗွန်ဒိုင်အောက်ဆိုက် ငါးတန်ခန့်ကို စုပ်ယူပေးနိုင်ပါသည်။ (ကြီးထွားနှုန်းနှင့် သိပ်သည်းခြင်းပေါ်တွင်မူတည်ပြီး သစ်မျိုးအလိုက် ဖော်ပြပါတန်ဖိုးထက် အနည်းအများရှိနိုင်ပါသည်။)

ထို့ကြောင့် ဓာတ်ဆီမော်တော်ကားစီးသည့် မိသားစုသည် ၄င်း၏ မော်တော်ကားမှ ထုတ်လွှတ်လိုက်သော မှန်လုံအိမ်ဓာတ်ငွေ့များကို ခုနှိမ် (Offset)စေရန် သစ်ပင်ပေါင်း ၄၁၀ခန့် စိုက်ပျိုးပေးရမည်ဖြစ်သကဲ့သို့ ဒီဇယ်မော်တော်ကားစီးသည့် မိသားစုသည် သစ်ပင် ၄၇၅ပင်ခန့် စိုက်ပျိုးပေးရပါမည်။ ယခုဖော်ပြပါ သစ်ပင်များကို စိုက်ပျိုးပြီး ရှင်သန်နေအောင် ထိန်းသိမ်းပေးနေသမျှ ကာလပတ်လုံး မော်တော်ကားမှထုတ်လွှတ်လိုက်သည့် CO_2 များကို စုပ်ယူပေးနေမည်ဖြစ်ပါသည်။ သစ်ပင်များစိုက်ပျိုးရန် မိမိ၏နေထိုင်ရာဒေသတွင် နေရာအခက်အခဲရှိသည်ဆိုပါက အခြားမည်သည့် နေရာဒေသ၌မဆို စိုက်ပျိုးနိုင်ပါသည်။ ဘုရားပုရိဝုဏ်များ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများတွင် စိုက်ပျိုးပေးပါက ''ကုသိုလ်လည်းရ၊ အပူချိန်လည်းကျ'' ဖြစ်စေပါမည်။

လက်တွေ့တွင်မူ အထက်ဖော်ပြပါ သစ်ပင်အရေအတွက်ကို အပြည့်အဝ စိုက်ပျိုးပေးရန် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် မလွယ်ကူပါ။ ထို့ကြောင့် တစ်ပတ်လျှင် တစ်ရက် မိမိ၏ ကိုယ်ပိုင်ကားကိုမစီးဘဲ အများပြည်သူသုံး ဘတ်စ်ကား၊ မြို့ပတ်ရထား စသည်များကို အသုံးပြုမည်ဆိုပါက ဓာတ်ဆီ ၅၂ ဂါလန် သက်သာမည်ဖြစ်ခြင်းကြောင့် CO_2 ထုတ်လွှတ်မှု ၀ ဒသမ ၅၄ မက်ထရစ်တန်ခန့် လျော့နည်းစေမည် ဖြစ်ပါသည်။ ထိုနည်းတူပင် ရန်ကုန်မှ နေပြည်တော်သို့ အသွားအပြန် ကိုယ်ပိုင်မော်တော်ကားမစီးဘဲ အဝေးပြေး အမြန်ဘတ်စ်ကားနှင့် သွားမည်ဆိုပါက ဓာတ်ဆီ ၁၃ ဂါလန်ခန့် သက်သာစေမည်ဖြစ်သဖြင့် CO_2 ထုတ်လွှတ်မှု ၀ ဒသမ ၁၃၆ မက်ထရစ်တန်ခန့် လျော့နည်းစေမည် ဖြစ်ပါသည်။

သိသာမြင်သာသော သာဓကတစ်ခုကို တင်ပြခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်ကားစီးသူများ၌သာ မော်တော်ကားသုံးစွဲမှု လျှော့ချရန်နှင့် သစ်ပင်များများ စိုက်ပျိုးပေးရန် တာဝန်ရှိနေသည်မဟုတ်ပါ။ ရုပ်ကြွင်းလောင်စာနှင့် ဇီဝလောင်စာများမှ ရရှိလာသောစွမ်းအင်များ သုံးစွဲနေသူတိုင်း စွမ်းအင်ကို စနစ်တကျ သုံးစွဲကြရန်နှင့် သစ်ပင်များများစိုက်ပျိုးပေးကြရန် တာဝန်ရှိနေပါသည်။ ထို့ပြင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရာတွင် စွမ်းအင်ကုန်ကျမှု လျော့နည်းစေမည့် စွမ်းအားမြင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း၊ လောင်စာကုန်ကျမှု သက်သာသည့် စွမ်းအားမြင့်မီးဖိုများအသုံးပြုခြင်း၊ စွမ်းအင်ကို စနစ်တကျ သုံးစွဲခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကင်းသော နေရောင်ခြည်စွမ်းအင်၊ ရေအားစွမ်းအင်နှင့် လေအားစွမ်းအင်များကို တိုးချဲ့အသုံးပြုနိုင်ရန် ကြိုးပမ်းခြင်း စသည်တို့ဖြင့်လည်း ဆောင်ရွက်နိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် တစ်တပ်တစ်အား ပါဝင်သည့်အနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချနိုင်ရန် စွမ်းအင်သုံးစွဲမှုကို တတ်စွမ်းသမျှ လျှော့ချကြပါ။ စနစ်တကျ သုံးစွဲကြပါ။ ရှိပြီးသစ်ပင်၊ သစ်တောများကိုထိန်းသိမ်းရင်း သစ်ပင်များများ စိုက်ပျိုးပေးကြပါဟု အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

အခွန်ထမ်းပြည်သူများ လုပ်ငန်းစီမံချက် ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၇

နေပြည်တော်တပ်ကုန်းမြို့အတွင်း အခွန်ထမ်းဆိုင်များကို အခွန်ခပေးဆောင်၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး တရားဝင်ရောင်းချကြရန်၊ အခွန်ထမ်း ပြည်သူများအား လုပ်ငန်းစီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၇ရက် နံနက် ၁၀နာရီက နေပြည်တော်တပ်ကုန်းမြို့ ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညွှန့်တင် **(အပေါ်ပုံ)** နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးထွန်းထွန်းဦးတို့က ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ OSS အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။ (၀၉၁)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၀)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံး သို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်ပနိုင်ငံအချို့သို့ပင် တင်ပို့ရလျက်ရှိသော FAME ဆေးဝါးထုတ်လုပ်ဖြန့်ချိမှု၏ အော်လ်တာနေးတစ်ဆေးပညာဖြင့် ထုတ်လုပ်နေမှု အခြေအနေကို လေ့လာတင်ပြထားသည့် FAME ဆေးဝါးထုတ်လုပ်ဖြန့်ချိမှု အမျိုး ၇၀ကျော် သတင်းဆောင်းပါးနှင့်အတူ ချစ်စံဝင်း၏ မြစ်ကြီးနား၊ ဆဒုံး၊ ကန်ပိုက်တီး-အာရှလမ်းမကြီး၊ မောင်ဝံသ၏ သယံဇာတကြွယ်ဝတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ၊ လူထုစိန်ဝင်း၏ ပရဟိတလုပ်ငန်းနဲ့ လူမှုစီးပွားရေးလုပ်ငန်း၊ မောင်ထွန်းလွင် (မိုးလေဝသ)၏ တစ်ကျော့ပြန် ချီလီ မြေငလျင်ကပေးသောသင်ခန်းစာ၊ ကိုကျော် (YU)၏ ရင်ခုန်သံစည်းချက်များကြားက ၂၀၁၀ အော်စကာဆုပေးပွဲစသည့်ဆောင်းပါးများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် တစ်နေ့တန် ၅၀၀ကျပ် မြို့တော်ဘိလပ်မြေစက်ရုံ မတ်လအတွင်း ဖွင့်တော့မည်၊ ၂၀၁၀-၂၀၁၁အာဆီယံ Green Hotel ဆု မြန်မာနိုင်ငံမှ ဟိုတယ် ၁၀ ခုရရှိ၊ (၄၇)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ကုမ္ပဏီပေါင်း ၃၀၀ ကျော်ပါဝင်မည်၊ အီးယူက မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီ ယူရိုငွေ ၁၇သန်းကျော်ပေးအပ်၊ အခွန်အမှတ်တံဆိပ် မပါရှိသော အရက်၊ စီးကရက်၊ ရေသန့်ဘူးများ လက်ဝယ်ထားရှိပါက အရေးယူမည်စသည့် လေ့လာမှတ်သားသင့်သည့် ပြည်တွင်းသတင်းများ၊ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးသတင်းများ၊ ပြည်တွင်းပြည်ပ အနုပညာသတင်းများ၊ ကမ္ဘာတစ်လွှား ထူးဆန်းထွေလာသတင်းများ၊ နိုင်ငံတကာ အားကစား၊ မှခင်းစုံစသည်ဖြင့် ကဏ္ဍများစုံလင်စွာ ပြည့်ပြည့်စုံစုံ ဖော်ပြတင်ဆက်ထားသည်။ United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

ကိုကိုးကျွန်းအပန်းဖြေခရီးစဉ် မတ်လ၌ပြေးဆွဲမည်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတို့ ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် ကိုကိုးကျွန်း အပန်းဖြေခရီးစဉ်အတွက် သံလွင်သင်္ဘောခရီးစဉ် အမှတ်(၁၂၁)ဖြင့် ပြေးဆွဲရန် စီစဉ်ထားရာ မတ် ၂၈ရက်တွင် ရန်ကုန်မြို့ သာကေတဆိပ်ခံတံတားမှ ထွက်ခွာမည်ဖြစ်သည်။

မတ် ၂၉ ရက်တွင် ကိုကိုးကျွန်းသို့ရောက်ရှိပြီး ကျွန်းပေါ်၌ နှစ်ညအိပ်တည်းခိုကာ အပန်းဖြေလေ့လာနိုင်ရန် စီစဉ်ထားသည်။ ကိုကိုးကျွန်းမှ မတ် ၃၁ ရက်တွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ဧပြီ ၁ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

လက်မှတ်ခနှုန်းထားများမှာ နှစ်ယောက်အိပ်ခန်း ပထမတန်းအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်း၊ လေးယောက်အိပ်ခန်းအတွက် ဒုတိယတန်း တစ်ဦးလျှင် ငွေကျပ် လေးသောင်းနှင့် ရိုးရိုးတန်း တစ်ဦးလျှင်ငွေကျပ် ၃၅၀၀၀ဖြစ်ပြီး ခရီးသည်များအားလုံး အတွက် အိပ်စင်များပါရှိမည်ဖြစ်သည်။

သင်္ဘောလက်မှတ်ဝယ်ယူနိုင်

သင်္ဘောလက်မှတ်များကို သိမ်ဖြူလမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ရုံးချုပ်နှင့် သာကေတဆိပ်ခံတံတားခရီးသည်ဆောင်တို့၌ ဝယ်ယူနိုင်ပြီး အသေးစိတ်ကို ဖုန်း- ၂၉၆၂၅၃၊ ၅၄၄၅၆၃နှင့် ၅၄၄၅၇၁ တို့သို့ မေးမြန်းစုံစမ်းနိုင်သည်။ သင်္ဘောလက်မှတ်များကို မတ် ၈ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၇

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ဦးမောင်ကလေး(သောကြာမောင်ကလေး)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) အမှုဆောင်ကော်မတီဝင်ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)၊ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်/ တိုင်းရင်းဆေးသိပ္ပံ)တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးနေလင်း(လူနေလင်း)က ဖတ်ကြားအစီရင်ခံပြီး အတည်ပြုချက်ရယူသည်။

ရွေးချယ်ပေးအပ်

ထို့နောက် ပဉ္စမအကြိမ် စာပေညီလာခံ သက်တမ်းအတွက် အမှုဆောင်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း)(တင်သန်းဦး)၊ ဒုတိယဥက္ကဋ္ဌဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)၊ အတွင်းရေးမှူး ဦးမျိုးတင့်(မောင်နေသွင်)၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အေး (ကျော်သူ/ကျောက်မြောင်း)၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးသန်း(အေးအေးသန်း)၊ အမှုဆောင်ဦးနေလင်း(လူနေလင်း)၊ ဒေါ်ရီရီမော်(လင်းယဉ်) တို့ကို ရွေးချယ်တင်မြှောက်ကြပြီး ပဉ္စမအကြိမ်စာပေညီလာခံကိုယ်စားလှယ်များအဖြစ် ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း)(တင်သန်းဦး)နှင့် ဦးစိုးအောင် (စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)တို့ကိုရွေးချယ်တာဝန်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါသင့်ဝန်တာ

မြန်မာစက်မှုပြပွဲ ၂၀၁၀ Supercool Retread Tyre ပြခန်းပါဝင်ပြသ

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ မြန်မာစက်မှုပြပွဲ ၂၀၁၀ကို ပြသလျက်ရှိရာ Supercool Retread Tyre ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါပြခန်းတွင် မော်တော်ကား တာယာတစ်လုံး ပန်းသားကုန်သည်အထိ မောင်းနှင်ပြီးသည့်အခါ စွန့်ပစ်လိုက်ရမည့် အစား တာယာအဟောင်းပေး၍ တာယာအကောင်းပြန်လည်ရယူနိုင်မည့် အအေးပေါင်းစနစ်ဖြင့် တာယာပန်းသားအသစ်တင်ခြင်းကို ပြသထားသည်။ KYI Brothers Industries Co.,Ltd.က တစ်နေ့လျှင် တာယာ အလုံး ၂၀၀အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်ကြီးများဖြင့် Supercool အမှတ်တံဆိပ် (Retread Tyre)များကို ၂၀၀၈ခုနှစ် ဇွန်လမှစတင်၍ ထုတ်လုပ်လျက်ရှိသည်။

အသုံးပြုလျက်ရှိ

Supercool အမှတ်တံဆိပ် တာယာပန်းသားကို မလေးရှားနိုင်ငံ၌ အဆင့်မြင့်ဂျာမနီ နည်းပညာဖြင့် TUV ISO 9001 နှင့်အညီ ထုတ်လုပ်ထားပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် အသုံးပြုလျက်ရှိသည်။ အပူချိန်မြင့်တက်လာမှု ၄၀ရာခိုင်နှုန်း လျော့နည်းစေသောကြောင့် ရာသီမရွေး အသုံးပြုနိုင်သည်။ တာယာစားနှုန်း အထူးသက်သာသည်။ ပန်းသားလန်ခြင်း၊ ကွာခြင်း၊ ကွင်းလိုက်ကျွတ်ထွက်ခြင်း လုံးဝမရှိသောကြောင့် ပထမတန်းစား တာယာအသစ်များကဲ့သို့ ပန်းသားကုန်သည်အထိ အသုံးပြုမောင်းနှင်နိုင်သည်။ ပန်းသားကုန်ပြီး ကြိုးသား မပေါ်သေးသော တာယာများကို ငါးကြိမ်အထိပြုလုပ်၍ ပန်းတင်အသုံးပြုနိုင်ပြီး ပန်းသားလန်ခြင်း၊ ကွာခြင်းတို့ကို အာမခံချက်ပေးထားကြောင်း သိရသည်။

Supercool Retread Tyre များကို KYI Brothers Industries Co.,Ltd. စက်ရုံအမှတ် (၁၇၀) ဦးတရုတ်ကြီးလမ်း စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၈၃၅၁၊ ၆၈၅၁၄၄၊ ၀၉-၈၅-၁၅၁၀၁၊ ၀၉-၈၅-၁၆၀၁၇တို့မှ ထုတ်လုပ်၍ အရောင်းပြခန်းမှာ (ဈ-၁၉) ရန်ကုန်မြို့ ဘုရင့်နောင်ဈေးရှေ့ (ဘုရင့်နောင်ပွဲရုံ လမ်းမတန်း ထောင့်ဆုံးတိုက်) ဖုန်း-၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း အမှတ်(၁၆) ၃၆ လမ်း ၈၂လမ်းနှင့် ၈၃လမ်းကြား မန္တလေးမြို့ ဖုန်း-၀၉-၈၅-၁၆၀၁၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၃-၂၀၁၀(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဂ္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	ရောဝတီ၏အား ကျွန်းကုန်းတံတား
၈:၂၀	၉။	**စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်**
၈:၂၅	၁၀။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၁။	International News
၈:၄၅	၁၂။	တိုင်းရင်းသားရိုးရာတေးသံသာ

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၀	၃။	**ချစ်လွန်းလို့**
၄:၂၅	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၅	၈။	မြန်မာစာ၊ မြန်မာစကား
၅:၂၅	၉။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၀	၁၀။	ဂီတသံစဉ်အလှဆင်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	**ဆိုကြမယ် ပျော်ကြမယ်**
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၃)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (အပိုင်း-၃၀)
	၁၉။	**သုခုမရင်ပြင်**

ပရီမီယာလိဂ်မှာ ရွန်နေ ဂိုးအများဆုံးသွင်းနိုင်မှာလား

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၇

၂၀၀၉-၂၀၁၀ ပရီမီယာလိဂ် ဘောလုံးရာသီပြီးဆုံးရန် ကိုးပွဲခန့်သာလိုတော့သည်။ မည်သည့်အသင်း ဖလားရရှိမည်ဆိုသည်က သဲကွဲမှုမရှိသေးချေ။ အသင်းကြီးများ အကြိတ်အနယ်ယှဉ်ပြိုင်နေကြဆဲ။ ထို့အတူ ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ၏ ဂိုးအများဆုံးသွင်းယူသူ မည်သူဖြစ်မလဲဆိုသည်ကလည်း ပရိသတ်များအတွက် စိတ်ဝင်စားစရာ ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ရွန်နေ

ယခုနှစ် ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲ ကစားပြီးချိန်တွင် မန်ယူတိုက်စစ်မှူး ရွန်နေက ၂၃ဂိုး သွင်းယူထားပြီး ဂိုးအများဆုံး သွင်းယူထားသူအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေသည်။ ၂၀၀၉-၂၀၁၀ ပရီမီယာလိဂ်ဘောလုံး ရာသီအစ၌ပင် ဂိုးအများဆုံးသွင်းယူမည်ဟု သူ့ဆရာ ဖာဂူဆန်ကို ကတိပြုခဲ့သည်။ ရွန်နေက ကတိစကားအတိုင်း ကြိုးစားခဲ့သည်။ ယခုနှစ်၌ မန်ယူအတွက် သွင်းယူပေးခဲ့သည့် ဂိုးများတွင် ခေါင်းတိုက် သွင်းယူခဲ့သည့် ဂိုးများလည်း ထူးထူးခြားခြား ပါဝင်ခဲ့သည်။

ပါဝင်ကစား

ယခုနှစ်ဘောလုံးရာသီ၌ မန်ယူအတွက် စုစုပေါင်း ၂၇ ပွဲကစားပေးခဲ့ပြီး ၂၃ဂိုးသွင်းယူပေးထားသည့် ရွန်နေ၏ ခြေစွမ်းက အံ့သြစရာကောင်းအောင် ထက်မြက်နေသည်။ မန်ယူအသင်း ယခုနှစ်၌ ဖလားနှစ်လုံး အနည်းဆုံး ရရှိအောင် စွမ်းဆောင်ပေးသွားရန် မိမိဆုံးဖြတ်ထားကြောင်း၊ မိမိကိုယ်တိုင်လည်း အနည်းဆုံး ဂိုးပေါင်း ၃၀သွင်းယူပေးသွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ရွန်နေက ထုတ်ဖော်ပြောကြားခဲ့သည်။

ပရီမီယာလိဂ်၌ လက်ရှိအချိန်တွင် ဂိုးအများဆုံး သွင်းယူထားသော ရွန်နေသည် ဒူးဒဏ်ရာရရှိနေသဖြင့် မန်ယူနှင့် တစ်ပွဲ နှစ်ပွဲမျှ ပါဝင်ကစားနိုင်မည်မဟုတ်ဟု မန်ယူကလပ်က သတင်းထုတ်ပြန်ထားသည်။ သို့သော် စိတ်ဓာတ်ပြင်းပြနေသည့် ရွန်နေကို အချိန်ပိုင်း ထည့်ကစားရန် ဖာဂူဆန် စီစဉ်ထားသည်။ "ဒီနှစ်ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းနိုင်သူဟာ ရွန်နေကလွဲပြီး တခြားဘောလုံးသမား မဖြစ်နိုင်ပါဘူး။ ဒီနှစ်မှာ ရွန်နေရဲ့ ဂိုးသွင်းစွမ်းရည် သိသိသာသာ ထက်မြက်လာတာကြောင့်ပါပဲ"ဟု ဖာဂူဆန်က သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။



ဒရော့ဘာ

ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်ပွဲစဉ် ၂၈ပွဲ ကစားပြီးချိန်၌ တိုက်စစ်မှူး ဒရော့ဘာက ၁၉ဂိုး သွင်းယူပေးထားသည်။ မန်ယူတိုက်စစ်မှူး ရွန်နေနောက် ဒုတိယဂိုးအများဆုံးသွင်းထားသူဖြစ်သည်။ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုရရှိထားသည့် ဒရော့ဘာသည် ချယ်လ်ဆီး၌ အနယ်လ်ကာနှင့်အတူ ခြေစွမ်းပြနေဆဲဖြစ်သည်။ ချယ်လ်ဆီးတို့ ပရီမီယာလိဂ် ၁၀ပွဲ ကစားရန် ကျန်ရှိနေသည့် အချိန်၌ ဒဏ်ရာရရှိမှု ကင်းရှင်းနေသဖြင့် ၂၃ ဂိုး သွင်းယူထားသော ရွန်နေကို ကျော်ဖြတ်ရန် ဒရော့ဘာ အခွင့်အလမ်းသာနေသည်။ ချယ်လ်ဆီး နည်းပြ အန်ဆယ်လော့တီကလည်း ပွဲတိုင်းအရေးကြီးလာပြီ ဖြစ်သဖြင့် ဒရော့ဘာကို ပွဲတိုင်းထည့်သွင်းကစားမည်ဟု ဆိုထားသည်။ ဒရော့ဘာကလည်း ဂိုးအများဆုံး သွင်းယူသူအဖြစ် မှတ်တမ်းတင်ရန် ပွဲတိုင်းပါဝင်ကစားခွင့်ရရေး အန်ဆယ်လော့တီအား တောင်းဆိုထားသည်။ ဒရော့ဘာ၏ ခြေစွမ်းကို စောင့်ကြည့်ရပေမည်။

ဒီဖိုး

စပါးတိုက်စစ်မှူး ဒီဖိုးကလည်း ၂၈ပွဲ ကစားပြီးချိန်၌ ၁၆ဂိုးသွင်းယူထားသည်။ ထိပ်ဆုံးမှ ရွန်နေကိုမီရန် ခုနစ်ဂိုး၊ ဒုတိယနေရာမှ ၁၉ဂိုးသွင်းထားသည့် ဒရော့ဘာကိုမီရန် သုံးဂိုးသွင်းယူရဦးမည်ဖြစ်သည်။ ပရီမီယာလိဂ်၌ ယခုနှစ် ဂိုးအများဆုံးသွင်းယူသူအဖြစ် အခွင့်အလမ်းနည်းသော်လည်း ပွဲတိုင်းဂိုးသွင်းနိုင်ရေး ကြိုးစားနေသူဖြစ်သည်။

ထို့ကြောင့် ယခုနှစ်ပရီမီယာလိဂ် ဘောလုံးရာသီ၌ ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် မည်သူဖြစ်လာမည်ကို စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အားကစားသတင်း အတိုအထွာ

ဂျိုကိုးလ် ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖွယ်

အသက် ၂၈နှစ်ရှိ အင်္ဂလန်နှင့်ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် လက်ရှိ တစ်ပတ်လုပ်ခလစာပေါင် ၁၀၀၀၀၀ထက်ပိုပေးရန် တောင်းဆိုမှုကြောင့် ချယ်လ်ဆီးအသင်းနှင့်စာချုပ်သစ်ထပ်မံချုပ်ဆိုရန် လိပ်ခဲတည်းလည်းဖြစ်ခဲ့ပြီးနောက် ယခုနွေရာသီတွင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း၊ မန်ယူ၊ စပါးနှင့်လီဗာပူးတို့ကလည်း ၎င်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မီလိုကို ဂျူဗင်းတပ်စ်က ဗန်ပါစီနှင့်လဲလှယ်လို

ဂျူဗင်းတပ်စ်အသင်းသည် ယင်း၏ဘရာဇီးကွင်းလယ်ကစားသမား ဖိလစ်ပီ မီလိုနှင့် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီကို အလဲအလှယ်လုပ်ရန် ပစ်မှတ်ထားနေကြောင်း၊ ဂျူဗင်းတပ်စ်သည် သဘောတူညီချက်ယူရန် လမ်းဖွင့်ထားပြီး ပြောင်းရွှေ့ခေါ်ယူရေး၏ အစိတ်အပိုင်းအဖြစ် ဗန်ပါစီ၊ ကလစ်ချီ သို့မဟုတ် ဆက်ဂနာတစ်ဦးဦးကိုခေါ်ယူဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ဖော်ပြသည်။

ဝါဒါဘရီမင်နှင့်စာချုပ်သစ်ချုပ်ဆိုရန် အိုဇီလ်ငြင်းဆို

အသက် ၂၁နှစ်ရှိ ဂျာမနီနှင့် ဝါဒါဘရီမင်ကစားသမား မီဆွတ်အိုဇီလ်သည် ဝါဒါဘရီမင်နှင့်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ငြင်းပယ်ခဲ့ကြောင်း၊ ၎င်းအား ဂျူဗင်းတပ်စ်၊ ဘာစီလိုနာနှင့် ရီရဲမက်ဒရစ်တို့ကခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ၎င်းက နွေရာသီတွင် ပြောင်းရွှေ့ကြေး ပေါင် ၁၅သန်းဖြင့် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း ဒေးလီးစတား၌ဖော်ပြသည်။

ဂါးလက်စ်အား အလွတ်ခေါ်ယူရန် ရိုးမားပစ်မှတ်ထား

အသက် ၃၂နှစ်ရှိ အာဆင်နယ်ခံစစ်မှူး ဝီလျံဂါးလက်စ်အား အီတလီအသင်း ရိုးမားက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးလ်၌ဖော်ပြသည်။

ရီဘာရီကိုခေါ်ယူရန် မန်ယူ၊ ရီရဲနှင့် ချယ်လ်ဆီးတို့စိတ်ဝင်စား

ပြင်သစ်ကြယ်ပွင့် ဖရန့်ခ်ရီဘာရီအား မန်ယူ၊ ရီရဲမက်ဒရစ်နှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန်စိတ်ဝင်စားနေကြကြောင်း၊ ၎င်းအား ဂျူဗင်းတပ်စ် အသင်းက စာချုပ်ရန်ကြိုးပမ်းနေကြောင်း အိုင်အမ်စကောက်တီးကွမ်၌ဖော်ပြသည်။

ဂွန်ဇာလိုဟီဂွါအင်အား ခေါ်ယူရန် မန်စီးတီး ပြင်ဆင်

ရီးရဲမက်ဒရစ်မှ အာဂျင်တီးနားတိုက်စစ်မှူး ဂွန်ဇာလိုဟီဂွါအင်သည် ရီရဲ၏စာချုပ်သစ်ထပ်မံချုပ်ဆိုရန်ကမ်းလှမ်းမှုကိုငြင်းပယ်ခဲ့ပြီးနောက် မန်စီးတီးက ၎င်းအား စာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

မန်ယူ-အေစီ ချန်ပီယံလိဂ် ဒုတိယအကျော့ ရွှန်နေလွဲချော်ဖွယ်

မန်ယူနှင့် အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူးရွှန်နေသည် မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ မတ် ၁၀ရက်တွင် ချန်ပီယံလိဂ် ဒုတိယအကျော့အဖြစ် အေစီမီလန်ကို လက်ခံကစားမည့် ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိသည်ဟု မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ကမ္ဘာ့စံချိန်သစ်တင်ရန် ဟိုင်လီပစ်မှတ်ထား

အီသီယိုးပီးယား ပြေးခုန်ပစ်ကြယ်ပွင့် ဟိုင်လီဂီဘာဆီလက်ဆီသည် လာမည့် မေ ၁၆ရက်တွင် မန်ချက်စတာ၌ ကျင်းပမည့် ၁၀ကီလိုမီတာအပြေးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်ရန် ပစ်မှတ်ထားနေကြောင်း အင်တာနက်၌ ဖော်ပြသည်။

မိုရီကို အနိုင်ထိုးသတ်နိုင်မည်ဟု တိုနီယုံကြည်

လစ်လပ်နေသော ဓနသဟာယ လိုက်ဟဲဗီးဝိတ် လက်ဝှေ့သရဖူလုပွဲတွင် လီဗာပူးလိုက်ဟဲဗီးဝိတ်လက်ဝှေ့သမား တိုနီဘဲလူးသည် ပြိုင်ဘက် ဂါနာလက်ဝှေ့သမားအတိုလီမိုရီကို အနိုင်ထိုးသတ်နိုင်မည်ဟု ယုံကြည်မှုပြည့်ဝနေကြောင်း အင်တာနက်၌ ဖော်ပြသည်။

ကမ္ဘာ့ပြေးခုန်ပစ်၌ အကောင်းဆုံးယှဉ်ပြိုင်မည်ဟု အင်းနစ်ဖွင့်ဟ

ဗြိတိသျှပြေးခုန်ပစ်မယ် ဂျက်ဆီကာအင်းနစ်သည် ကြွံခိုင်မှုပြည့်ဝနေပြီဖြစ်ပြီး လာမည့် သီတင်းပတ်အကုန်၌ ကျင်းပမည့် ကမ္ဘာ့အင်ဒိုးချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အားကစားနည်းခုနစ်မျိုးပါဝင်ယှဉ်ပြိုင်ရသည့် ပင်တာသလွန် ပြိုင်ပွဲ၌ အကောင်းဆုံးပါဝင် ယှဉ်ပြိုင်မည်ဟု ကတိပြုပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ချစ်စိုးနိုင်-စုစည်းသည်

မန်ယူအတွက် ဟားဂရေ့ဗ်ပြန်လာပြီ

လန်ဒန် မတ် ၇

မန်ယူကွင်းလယ်ကစားသမား အိုဝင် ဟားဂရေ့ဗ်သည် ဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်၍ လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ဟားဂရေ့ဗ်သည် ၂၀၀၈ ခုနှစ် စက်တင်ဘာလက ဒူးခေါင်းခွဲစိတ်ခံရပြီးနောက် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည်။

ပြောင်းရွှေ့

ဟားဂရေ့ဗ်သည် လမည့်ဧပြီ ၁၇ရက် မန်စီးတီးနှင့် ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင် ကစားနိုင်ဖွယ်ရှိကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။ အင်္ဂလန်ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်သည် ၂၀၀၇ ခုနှစ်က ဘိုင်ယန်မြူးနစ်မှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

(အင်တာနက်)

ဘော့စင်ဝါ ရာသီကုန်သည်အထိ ချယ်လ်ဆီးအတွက်ကစားမပေးနိုင်

လန်ဒန် မတ် ၇

ချယ်လ်ဆီးနောက်တန်း ကစားသမား ဘိုစင်ဝါသည် ဒူးခေါင်းခွဲစိတ်ရမည်ဖြစ်၍ ရာသီကုန်သည်အထိ အနားယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ကြေညာသည်။



အနားယူ

ဘော့စင်ဝါသည် အောက်တိုဘာလက အက်စ်တွန်ဗီလာနှင့်ကစားစဉ် ဝဲဘက် ဒူးခေါင်းထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၂၇နှစ်ရှိ ဘော့စင်ဝါသည် မကြာမီက ပြန်လည်လေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း ခွဲစိတ်ရန်လိုအပ်သဖြင့် ဆက်လက်အနားယူရဦးမည် ဖြစ်သည်။ ၎င်းသည် ၂၀၀၈ခုနှစ် မေလက ပေါ်တို အသင်းမှ ချယ်လ်ဆီးသို့ ပေါင် ၁၆ ဒသမ ၂သန်းဖြင့် ပြောင်းရွှေ့လာခြင်း ဖြစ်သည်။

ဘော့စင်ဝါသည် ယင်းဒဏ်ရာကြောင့် တောင်အာဖရိက၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပေါ်တူဂီအသင်းအတွက် ကစားပေးနိုင်တော့မည်မဟုတ်ပေ။ **(အင်တာနက်)**

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲရန် စပိန်မျှော်မှန်း

လန်ဒန် မတ် ၇

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ပြိုင်ပွဲဝင် တင်းနစ်အသင်းများကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ လက်ရှိချန်ပီယံစပိန်အသင်းသည် အဖွင့်ပွဲတွင် ဆွစ်ဇာလန်အသင်းနှင့် ကစားရမည်ဖြစ်၍ သုံးနှစ်ဆက်တိုက် ဖလားဆွတ်ခူးရန် မျှော်မှန်းထားသည်။

ကစားရမည့်

စပိန်အသင်းကို ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ်နှင့်ဒေးဗစ်ဖရာတို့ ဦးဆောင်ကစားကြမည်ဖြစ်သည်။ ဆားဗီးယားအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည့်ပွဲတွင်ဒီဂျိုကိုဗစ်က ဆားဗီးယားအသင်းကို ဦးဆောင်ကစားမည်ဖြစ်သည်။ အိန္ဒိယက ၁၂နှစ်ကြာပြီးနောက် ဒေးဗစ်ဖလားပြိုင်ပွဲသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ မော်စကိုသို့ သွားရောက်ပြီး ရုရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းရေးသားသည်

လီဗာပူးခံစစ်မှူးကာရက်ဂါ လီဗာပူးမှထွက်ခွာဖွယ်

လန်ဒန် မတ် ၇

ခံစစ်မှူးကာရက်ဂါက ၎င်း၏ဇာတိမြို့အသင်းဖြစ်သည့် လီဗာပူးက ၎င်းအား စာချုပ်သက်တမ်းတိုး မချုပ်ဆိုခြင်းသည် ၎င်းအတွက် ပြဿနာတစ်ရပ် မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် အန်ဖီးလ်မှထွက်ခွာဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စိတ်အနှောင့်အယှက်

အသက် ၃၂ နှစ်ရှိ ကာရက်ဂါသည် လီဗာပူးနှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်တော့သော်လည်း လီဗာပူးက ၎င်းအား စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းမှု မပြုလုပ်ခဲ့ချေ။ ၎င်းအနေဖြင့် လီဗာပူးအသင်းအတွက် အကောင်းဆုံးကစားနေဆဲပင်ဖြစ်ကြောင်း၊ အသင်းမှထွက်ခွာရမည်ဆိုပါကလည်း ထွက်ခွာမည်ဖြစ်ကြောင်း၊ ယင်းသို့ ထွက်ခွာရခြင်းက ၎င်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စေမည် မဟုတ်ကြောင်း ကာရက်ဂါက ဆိုသည်။

ကာရက်ဂါသည် ၎င်း၏ဘောလုံးသမားဘဝတစ်လျှောက်လုံးကို အန်ဖီးလ်တွင် မြှုပ်နှံထားခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လီဗာပူးအတွက် ပွဲပေါင်း ၅၀၀ကျော် ပါဝင်ကစားခဲ့သူဖြစ်သည်။

(အင်တာနက်)

မိုက်ကယ်အိုဝင် ရာသီကုန်အထိ အနားရ

လန်ဒန် မတ် ၇

မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် အက်စ်တွန်ဗီလာအသင်းနှင့် ကာလင်းဖလားဗိုလ်လုပွဲ ကစားစဉ် တံကောက်ကြော ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ရာသီကုန်သည်အထိ အနားယူရတော့မည်ဖြစ်ကြောင်း မန်ယူက ကြေညာသည်။

အသက် ၃၀ရှိ မိုက်ကယ်အိုဝင်သည် ကာလင်းဖလားဗိုလ်လုပွဲတွင် မန်ယူအတွက် ချေပဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ယင်းဒဏ်ရာကြောင့် မိုက်ကယ်အိုဝင်၏ ကမ္ဘာ့ဖလား ကစားခွင့် ရရှိရေး မျှော်လင့်ချက်မှာလည်း အဆုံးသတ်သွားခဲ့ပေပြီ။ **(အင်တာနက်)**

8-3 (11).pmd 1 3/8/2010, 1:15 AM

ရန်ကြီးအောင်က ပွဲသိမ်းအမြန်ဆုံးစံချိန်ဖြင့် အနိုင်ယူ
စိုးလင်းဦးက ပြိုင်ဘက်ကို အပြတ်အသတ်အနိုင်ယူ

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး အောင်မြင်စွာပြီးစီး

➤ ရိုးရာလက်ဝှေ့မြင်ကွင်း - ဇင်လင်းထွန်း(နေပြည်) ➤ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူး၍ Royal Club သောက်ရေသန့်လုပ်ငန်း၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သည့် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ဒုတိယနေ့ပွဲစဉ်များကို မတ် ၇ ရက် ညနေ ၃ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြည်တွင်းစိန်ခေါ်ပွဲ ခြောက်ပွဲ၊ မြန်မာ-ထိုင်းစိန်ခေါ်ပွဲ နှစ်ပွဲဖြင့် ကျင်းပခဲ့ရာ မြန်မာ-ထိုင်းပွဲစဉ်များတွင် စိုးလင်းဦး(မြန်မာ)က ဖယား(ခ)နွမ်း စစ်နီဝပ်(ထိုင်း)ကို ပဉ္စမအချီ ၂ မိနစ် ၅၄ စက္ကန့်တွင် အမှတ်စဉ်သုံးကြိမ် ရေတွက်ခံစေရ၍ အနိုင်ယူလိုက်ပြီး ရန်ကြီးအောင်(မြန်မာ)က နမ်ချတ် ပက်ဆူပါပန်(ထိုင်း)ကို ပထမအချီ ၅၈ စက္ကန့်တွင် နှာခေါင်းရိုးကျိုးအောင်ထိုး၍ အနိုင်ယူလိုက်သည်။

လေးချီပွဲ

ယနေ့တွင် ပွဲစဉ်ပေါင်း ရှစ်ပွဲဖြင့် ကျင်းပရာ ပြည့်ဖြိုးအောင်(ကော့သောင်း)နှင့် ရဲဝင်းချစ်(မိုးသောက်ကြယ်)၊ စိုင်းကို(ကော့သောင်း)နှင့် သီရိမောင်မောင်(တောင်ကလေး/မျိုးဇာနည်)တို့ လေးချီအထူးပွဲများက သူ့အရွယ်နှင့် သူ့အစွယ် ဆိုသကဲ့သို့ အစွမ်းပြယှဉ်ပြိုင်ကြရင်း သရေပွဲ ဖြစ်သွားကြသည်။

ငါးချီပွဲ

ငါးချီစိန်ခေါ်ပွဲများတွင် ထစ်ချိုး(မိုးသောက်ကြယ်)နှင့် ခိုင်လင်းဦး(တောင်ကလေး/မျိုးဇာနည်)တို့ယှဉ်ပြိုင်ကြသည့်ပွဲ၌ ဘယ်သန် ခိုင်လင်းဦးက အားပါသော ဘယ်ဖြောင့်လက်သီးများဖြင့် အပိုင်ထိုးရန် ကြိုးစားသော်လည်း ထစ်ချိုးက အတိမ်းအနွံ့ အယိမ်းအလှုပ်များဖြင့် ခိုင်လင်းဦး တိုင်ပင်ဖမ်း၍ မရအောင် ဟန်ပြပြီးမှ လက်သီးနှင့် ဒူးများသုံးသည်။ တတိယအချီတွင် လူချင်းအပူး၌ ထစ်ချိုး၏ ဘယ်ဒူးဆင့်တိုက်ချက်ကြောင့် ခိုင်လင်းဦး အနားတောင်းလိုက်ရသည်။ဆက်လက်ယှဉ်ပြိုင်ကြပြီး အချိန်စေ့၍ နားသည့်အခါ ခိုင်လင်းဦးနှင့် နည်းပြ၊ အကူလူများက မည်သို့မျှ အကြောင်းမကြားဘဲ မိမိတို့ဆန္ဒအလျောက် ကြိုးဝိုင်းပေါ်မှ ထွက်ခွာသွားကြသည်။ သို့ဖြစ်၍ ထစ်ချိုး အနိုင်ရရှိသွားခဲ့သည်။

သရေပွဲ

ကညောထူး(ရွှေကုက္ကို)နှင့် ဒေါင်းသည်းချေ(ကော့ကရိတ်)တို့ ပွဲက ပရိသတ် သဘောကျသော သရေပွဲဖြစ်သည်။ ဒေါင်းသည်းချေက အားပါပြင်းထန်သော အောက်ခြေပိုင်း ကန်ချက်များဖြင့် ကညောထူးကို ကြမ်းပြင်ပေါ် မကြာခဏပြုတ်ကျစေခဲ့သည်။ ဒေါင်းသည်းချေ၏ အတွင်းခတ်ကန်ချက်များကြောင့် ကညောထူး ထိုးကွက်တည်မရဘဲ အလဲလဲအပြိုပြိုဖြစ်နေသော်လည်း မာန်ဖွဲ့ဖြင့် အံခဲကာ လက်သီး၊ တံတောင်၊ ချုပ်ဒူးတို့ဖြင့် တုံ့ပြန်သည်။ သက်လုံကျသော ဒေါင်းသည်းချေ ပွဲမဖြတ်နိုင်သကဲ့သို့ ကညောထူးကလည်း ၄င်း၏ အဓိကပွဲသိမ်းဒူး မသုံးနိုင်သဖြင့် သရေပွဲ ဖြစ်ခဲ့သည်။

ဆေးရုံး

ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင်ချင်း ဖြစ်ကြသော စနေထွန်း(ဖိုးရာဇာ)နှင့် ရွှေမိုးကောင်း(ဘိလပ်မြေစက်ရုံ)တို့ပွဲက ပထမအချီ၌ပင် အဖြေပေါ်ခဲ့သည်။ ရွှေမိုးကောင်း၏ အမြင့်ပျံ ညာမွဲရိုးကန်ချက် အပိုင်ထိကာ ၅၈စက္ကန့်၌ စနေထွန်း အနားတောင်းခဲ့ရပြီး ပြန်တည်ထိုးရာတွင်လည်း ရွှေမိုးကောင်း၏ ညာလက်သီးဒဏ်ကြောင့် ၂ မိနစ် ၂၀ စက္ကန့်၌ စနေထွန်း ဘယ်မျက်ခုံးကွဲကာ ဆေးရုံး ရှုံးသွားသည်။

လက်ဖျံရိုး သွင်သွင်ကျိုး

၄င်းတို့ပွဲကို ပွဲသိမ်းမြန်သည်ဟု ပရိသတ်က အားမရဖြစ်နေစဉ် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်နှင့် အတန်းလိုက် အကောင်းဆုံးလက်ဝှေ့သမားဆု ရရှိခဲ့ဖူးသော မိုက်တိုင်ဆန်(မြို့တော်စည်ပင်)က မုန်တိုင်း(တောင်ကလေး/မျိုးဇာနည်)ကို ပထမအချီ စက္ကန့် ၄၀၌ပင် ပြင်းထန်သော ညာခြေကန်ချက်ဖြင့် ဘယ်လက်ဖျံရိုး သွင်သွင်ကျိုးစေကာ အနိုင်ယူလိုက်သည်။

နောက်မဆုတ်

ယနေ့ မြန်မာ-ထိုင်းပွဲစဉ်အစဖြစ်သော ၂၀၁၀ ဒုတိယတန်း ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး(မြန်မာ)နှင့် ဖယား(ခ)နွမ်း စစ်နီဝပ်(ထိုင်း)တို့ပွဲတွင် တတိယအချီအထိ ဖယား(ခ)နွမ်းက ထောက်ထိုး၊ ထွက်ထိုးခြင်းများ၊ အမြင့်ပျံခြေကန်ချက်များဖြင့် အသာစီးယူနေခဲ့သည်။ စိုးလင်းဦးက ဖယား(ခ) နွမ်း၏ ထိုးချက် ကန်ချက်များကို ဂဃနဏ ခုခံရင်း နောက်မဆုတ်ဘဲ လိုက်မြဲလိုက်နေသည်။

အနိုင်ရ

အမှတ်ပေးပွဲသာဆိုပါက ၄င်းအချီများတွင် ဖယား(ခ)နွမ်းက အပြတ်အသတ်သာနေသည်ဟု ပြောရမည့်အနေအထားဖြစ်သည်။ သို့ရာတွင် စိုးလင်းဦးက ပြည်တွင်းစိန်ခေါ်ပွဲများတွင်လည်း ထိုကဲ့သို့ပင်ပြိုင်ဘက်ကို ထိုးခွင့်ကန်ခွင့်များပေးကာ သက်လုံလျော့စေပြီး ပွဲသိမ်းတိုက်စစ်ရှိသူဖြစ်ရာ စတုတ္ထအချီမှစ၍ စိုးလင်းဦး၏ တိုက်စစ်လိုက်စစ်များကိုဖယား(ခ)နွမ်း တိမ်းမရှောင်သာပဲ အနိမ့်ဘက်သို့ ပြန်ရောက်သွားသည်။ စိုးလင်းဦး၏ အပူးအချုပ်တွင် သုံးသော ဒူးပုန်းများ၊ အနီးကပ်ထိုးသော လက်သီးပုန်းများကြောင့် ဖယား(ခ)နွမ်း သက်လုံလျော့လာပြီး ပဉ္စမအချီတွင် ကြိုးတန်းဘေးကပ်၍ တစ်ဖက်သတ်အထိုးခံရခြင်း၊ ကြိုးဝိုင်းထောင့်ပိတ်ကာ စိတ်ကြိုက် အထိုးခံရခြင်းမျိုးဖြစ်ပြီး အမှတ်စဉ် သုံးကြိမ် အရေခံလိုက်ရသည်။ တစ်ချီအတွင်း အမှတ်စဉ် သုံးကြိမ်အရေခံရလျှင် အရှုံးဟူသော စည်းမျဉ်းအရ ပဉ္စမအချီ ၂ မိနစ် ၅၄ စက္ကန့်၌ စိုးလင်းဦး အနိုင်ရရှိသွားသည်။

အားမရဖြစ်ခဲ့

ယနေ့ပွဲကြီး၏ နောက်ဆုံးပွဲဖြစ်ပြီး ပွဲစဉ်တစ်ရပ်လုံး၏ အဓိကပွဲကြီးလည်းဖြစ်သော ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်နှင့် နမ်ချတ် ပက်ဆူပါပန်တို့ပွဲက ပွဲသိမ်းမြန်သောကြောင့် ပရိသတ်ကျေနပ်သော်လည်း ကြည့်၍အားမရဖြစ်ခဲ့ရသည်။

အရှုံးပေး

ပထမအချီစလျှင် စချင်း နမ်ချတ်က ဘယ်ခြေအောက်ခတ်၍ ညာလက်သီးဖြင့်ဝင်ရန်အပြင် တိုင်ပင်ကိုက် ထိုးလိုက်သော ရန်ကြီးအောင်၏ ညာဖြောင့်လက်သီးက နှာနုရိုးကို တည့်တည့်ထိကာ သွေးဖြာကျသွားသည်။ ရန်ကြီးအောင်က မွှန်သွားသော နမ်ချတ်ကို ထက်ကြပ်မကွာလိုက်၍ ညာခြေဖဝါးဖြင့် မျက်နှာကို နင်းချသည်။ ရန်ကြီးအောင် ဆက်လက်၍ တွဲလုံးများ ဆွဲသုံးရန်ပြင်သော်လည်း မျက်နှာပျက်သွားသော နမ်ချတ်က ဆက်လက်မယှဉ်ပြိုင်တော့ဘဲ တွေသွားသဖြင့် ကြိုးဝိုင်းဒိုင်က တာဝန်ကျဆရာဝန်ထံ နမ်ချတ်ကို ပြသစေသည်။ ဆေးအဖွဲ့က စစ်ဆေးရာ နမ်ချတ်၏ အခြေအနေက ဆက်လက်ထိုးသတ်နိုင်ရန် မဖြစ်တော့သကဲ့သို့ နမ်ချတ်နှင့်၄င်း၏အဖွဲ့ကလည်း ဆက်လက် မယှဉ်ပြိုင်နိုင်တော့ဟု ဝန်ခံကာ အရှုံးပေးသွားကြသည်။

စံချိန်တင်

ထိုအချိန်မှာ ပထမအချီ ၅၈ စက္ကန့်သာရှိသေးသည်။ ယခုပွဲနှင့်ဆိုလျှင် ရန်ကြီးအောင်က ပွဲသိမ်းအမြန်ဆုံးစံချိန်လေးခုရရှိသွားသော လက်ဝှေ့သမားဖြစ်သွားသည်။ ပထမနှင့် ဒုတိယအကြိမ်များက မင်းခမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ရရှိခဲ့ခြင်းဖြစ်သည်။ ပထမပွဲတွင် မန္တလေးမှ ညီညီဇော်ကို ညာပင့်လက်သီးဖြင့် ပထမအချီ တစ်မိနစ်အတွင်း ပွဲသိမ်းခဲ့ပြီး ဒုတိယပွဲ၌ အောင်ဇေယျကို စက္ကန့်ပိုင်းအတွင်း၌ပင် ညာဖြတ်ခြေပင့်ကန်၍ ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ်က ပြီးခဲ့သည့် ၂၀၀၉ ဒီဇင်ဘာ ၁၉ ရက်၌ဖြစ်သည်။ မြိုင်ကြီးငူ အထူးဒေသပွဲတွင် မွေထိုင်းဖစ်ဆီးနီးနှင့် ယှဉ်ပြိုင်စဉ်က ပထမအချီ လေးစက္ကန့်၌ ဖစ်ဆီးနီး၏ ညာဖြောင့်ကို ညာခြေဘေးထွက်ရှောင်ကာ ညာတံတောင်ဖြတ်ရိုက်ချ၍ အနားတောင်းစေခဲ့ပြီး ပြန်တည်ထိုးသည့်အခါ ငါးစက္ကန့်မျှသာရှိသေးချိန်၌ တိုင်ပင်ကိုက် ဘယ်ထောက်ညာဖြောင့် တွဲလုံးဖြင့် ဖစ်ဆီးနီးကို အလဲထိုးလိုက်ခြင်းဖြစ်သည်။ စုစုပေါင်း ထိုးသတ်ချိန် ကိုးစက္ကန့်သာကြာမြင့်ခဲ့သည်။

ထိုစဉ်ကလည်း ရန်ကြီးအောင်၏ ညာဖြောင့်လက်သီးက ဖစ်ဆီးနီး၏ နှာနုရိုးတည့်တည့်ထိကာ နောက်လှန်မှောက်လဲသွားစေပြီး ဆေးရုံသို့ ပို့လိုက်ရသည်။ ဖစ်ဆီးနီးကို ပွဲသိမ်းခဲ့သည့် လက်သီးတွဲလုံးနှင့် ယခုပွဲ၌ နမ်ချတ်ကို ပွဲသိမ်းခဲ့သည့် လက်သီးတွဲလုံး ထိုးသတ်မှုက တစ်ပုံစံတည်းဟု ဆိုရမည်။ လျင်မြန်မှုတွင် အားပါမှုထည့်ထိုးနိုင်သဖြင့် ပြိုင်ဘက်အငိုက်မိကာ ယခုကဲ့သို့ ပွဲသိမ်းမြန်သွားရခြင်းဖြစ်သည်။

အတော်လေး ဂရုစိုက်ခဲ့

ပွဲအပြီးတွင် အနိုင်ရရှိသွားသော ရန်ကြီးအောင်၏ နည်းပြဆရာ ဦးလှစိုးဦးကို တွေ့ဆုံမေးမြန်းရာ “ဒီပွဲအတွက် အတော်လေးဂရုစိုက်လေ့ကျင့်ပေးခဲ့ပါတယ်၊ မွေထိုင်းတွေက ခြေကန်ကောင်းတယ်၊ တံတောင်ကောင်းတယ်ဆိုတဲ့အတွက်လည်း ကိုယ့်ဘက်က အဲဒါမျိုးနဲ့ တုံ့ပြန်နိုင်အောင်ပါ လေ့ကျင့်ပေးခဲ့ပါတယ်၊ နည်းစနစ်ပိုင်း၊ နည်းဗျူဟာပိုင်းတွေကိုလည်း ဇာတ်တိုက်ထားသလိုဖြစ်နေအောင် လေ့ကျင့်တာပါ၊ အဲဒါအပြင် အနေအထိုင်၊ အစားအသောက်ကိုပါ ကျွန်တော်ကိုယ်တိုင် အနီးကပ် ဂရုစိုက်ကြီးကြပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲဟာ ရန်ကြီးအောင်နဲ့ ကျွန်တော်တို့ကလပ်အတွက်သာမဟုတ်ဘဲ မြန်မာ့ရိုးရာလက်ဝှေ့ဆိုတာကိုပါ ကိုယ်စားပြုရမှာမို့ ဖြစ်ပါတယ်။ အခုလို ကျွန်တော့်တပည့် နိုင်ပွဲရလိုက်တော့ ကျွန်တော် အတော့်ကိုဝမ်းမြောက်မိပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီပွဲမှာထိုးခွင့်ရအောင် စီစဉ်ပေးတဲ့ ဦးစိုင်းဇော်ဇော်ကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသွားခဲ့သည်။

နိုင်ပွဲရသွားသော ရန်ကြီးအောင်ကို ၄င်း၏ နည်းပြဆရာ ဦးလှစိုးဦးနှင့် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နိုင်အောင်ထိုးမယ်

ရန်ကြီးအောင်က ပြောကြားရာတွင် “ကျွန်တော် ဒီလောက်ပွဲသိမ်းမြန်လိမ့်မယ်လို့တော့ မျှော်လင့်မထားပါဘူး၊ မနေ့ပွဲတွေတုန်းက ကျွန်တော်တို့ဘက်က လက်ဝှေ့သမားနှစ်ယောက် အကြိတ်အနယ်ယှဉ်ခဲ့ရတာကိုကြည့်ပြီး ကျွန်တော်လည်း အကြိတ်အနယ်တော့ ယှဉ်ရလိမ့်မယ်လို့ ပြင်ဆင်ထားပါတယ်၊ နိုင်အောင် ထိုးမယ်ဆိုတဲ့ စိတ်ဓာတ်ပြင်းထန်မှုကတော့ ရှိပြီးသားပါ၊ ကျွန်တော် ဘယ်ပွဲတွေမှာ ဘယ်လိုပဲရှုံးရှုံး ဒီလိုပွဲမျိုးမှာ လုံးဝအရှုံးမပေးဘူးဆိုတဲ့စိတ် ထားပါတယ်။ ဒါကြောင့်လည်း ပွဲစစချင်းမှာ ကျွန်တော် သူ့အမှားကို အခွင့်အရေးရအောင် ယူလိုက်တာပါ၊ သူက ဘယ်ခြေနဲ့အောက်ခတ်ပြီး အဲဒီခြေအကျမှာ ညာဝင်လာတော့မယ်ဆိုတာကို ကျွန်တော်တိုင်ပင်ဖမ်းပြီး ညာဖြောင့်လက်သီး ပစ်ထည့်လိုက်တာပါ၊ သူညံ့လို့တော့ မဟုတ်ပါဘူး၊ ဒါဟာ လက်ဝှေ့မှာ ဖြစ်တတ်တဲ့ သဘာဝတစ်ခုပါပဲ၊ ဒီပွဲအနိုင်ရတာဟာ ကျွန်တော့်ဘဝမှာ ရရှိခဲ့ဖူးတဲ့ ဘယ်အောင်မြင်မှုနဲ့မှမတူအောင် ကျွန်တော်ကျေနပ် ဝမ်းမြောက်မိပါတယ်၊ ပရိသတ်တွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့အတွက် ဒီညကျွန်တော် အိပ်လို့တောင် ပျော်ပါ့မလားမသိပါဘူး”ဟု ပြောသွားခဲ့သည်။

> ကျွန်တော် ဘယ်ပွဲတွေမှာ ဘယ်လိုပဲရှုံးရှုံး ဒီလိုပွဲမျိုးမှာ လုံးဝအရှုံးမပေးဘူးဆိုတဲ့စိတ် ထားပါတယ်။ ဒါကြောင့်လည်းပွဲစစချင်းမှာ ကျွန်တော် သူ့အမှားကို အခွင့်အရေး ရအောင် ယူလိုက်တာပါ။
>
> **ရန်ကြီးအောင်**

သဘောကျ

မွေထိုင်းလက်ဝှေ့အဖွဲ့ ခေါင်းဆောင် မစ္စတာ ဖရင်းယာက “နှစ်ရက်စလုံးရဲ့ ပွဲအဖြေတွေက ဖြစ်သင့်လို့ ဖြစ်သွားကြတာပါပဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေကို ကျွန်တော် သဘောကျပါတယ်၊ ပြည်တွင်းပွဲတွေ ယှဉ်ပြိုင်မှုကလည်းကြောက်ခမန်းလိလိပါပဲ၊ သက်လုံကောင်းကြသလို ခံနိုင်ရည်လည်း ရှိကြပြီး သတ္တိလည်း အတော်ကောင်းကြပါတယ်၊ ကျွန်တော် အထူးလေးစားတာကတော့ မြန်မာပရိသတ်တွေပါပဲ၊ သူတို့ဟာ ကိုယ့်မြန်မာလက်ဝှေ့သမား နိုင်စေချင်တာမှန်ပေမယ့်အားပေးပုံမှုတပါတယ်၊ ကျွန်တော်တို့ဘက်က သာတယ်ဆိုရင်လည်း ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့ လက်ခုပ်တီးပေးတာမျိုးကို ကျွန်တော် မမေ့နိုင်လောက်အောင်ပါပဲ”ဟု ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ဒုတိယနေ့ပွဲစဉ်တွင် စိုးလင်းဦးက ဖယား(ခ)နွမ်းကို ထောင့်ပိတ်ထိုးသတ်နေသည်ကို ပရိသတ်များက တစ်ခဲနက် အားပေးနေကြစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်
စက်သုံးဆီ အရောင်းဆိုင်အသစ်များ တည်ဆောက်ရန်၊ စက်သုံးဆီ သိုလှောင်ကန်၊ သိုလှောင်ကန်စခန်းများဖွင့်လှစ်ရန်အတွက်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၅-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ရောင်းချမည့် စက်သုံးဆီအရောင်းဆိုင် (၂၄၆)ဆိုင် စာရင်းနှင့်အတူ ဒေသအသီးသီးတွင် စက်သုံးဆီ အရောင်းဆိုင်အသစ်များ၊ စက်သုံးဆီ သိုလှောင်ကန်၊ သိုလှောင်ကန်စခန်းများ တည်ဆောက်လိုပါက မြေနေရာနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ဆက်သွယ်ဆောင်ရွက်ပါရန် ကြော်ငြာခဲ့ပါသည်။

၂။ အပိုဒ်(၁)ပါ နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင်များအပြင် စက်သုံးဆီ အရောင်းဆိုင်များ၊ သိုလှောင်ဖြန့်ဖြူးရေးစခန်းများ အသစ်တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လက်ရှိ စက်သုံးဆီ ရောင်းချခြင်းကို ဒေသန္တရခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသူများအနေဖြင့် စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်လိုသည့်နေရာဒေသ၏ လိပ်စာအတိအကျနှင့် အကျယ်အဝန်း ဖော်ပြ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် လျှောက်ထားသည့်မြေနေရာသည် စက်သုံးဆီလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်းမရှိကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်များ ပါရှိရန်လိုအပ်ပါမည်။

၄။ ပုဂ္ဂလိကမှ စက်သုံးဆီ အရောင်းဆိုင်များ၊ သိုလှောင်ကန်၊ သိုလှောင်ကန်စခန်းများ အသစ်တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများသည် စက်သုံးဆီ တင်သွင်း၊ ဝယ်ယူ၊ သိုလှောင်၊ ရောင်းချခြင်း ဆောင်ရွက်မည့် အစီအစဉ်အား အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးသန့်စင်(ဦးဆောင်ညွှန်ကြားရေးမှူး)
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ဖုန်းနံပါတ်-၀၆၇-၄၁၁၁၃၆
ရုံးအမှတ်(၆)၊နေပြည်တော်။

၅။ လျှောက်ထားသူများအနေဖြင့် အောက်ပါလိပ်စာသို့လိပ်မူ၍ အဆိုပြုလွှာများအား ပေးပို့တင်ပြရန် ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၆။ လျှောက်လွှာကို အမြန်ဆုံးရောက်ရှိရန် Fax - ၀၆၇-၄၀၆၁၁၀ နံပါတ်သို့ ပေးပို့ရန်ဖြစ်ပါသည်။ မူရင်းလျှောက်လွှာကိုမူ သင့်ရာနည်းဖြင့် အမြန်ဆုံးရောက်ရှိရန် ပေးပို့ရပါမည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး
ရုံးအမှတ်(၃၂)၊ နေပြည်တော်၊
ဖုန်းနံပါတ်-၀၆၇-၄၀၆၀၆၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဖျာပုံမြို့၊ (၅)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် ၁၁၉/ခ နေ ဦးစိန်ထွန်း-ဒေါ်ကြည်ခင်(အောင်သီရိ ရေလုပ်ငန်း)တို့၏သား

မောင်နေလင်းထွန်း
AGTI (E.C)
B.C-Tech (Computer)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်၃၆၊ လေးလွှာနေ ဦးသန်းဝင်း-ဒေါ်ကြည်လှိုင်တို့၏ တစ်ဦးတည်းသောသမီး

မကေသွယ်မိုး
B.Sc (Physics) (Hons;)
Director (Star Snow Trading Co.,Ltd.)

တို့သည် ၇-၃-၂၀၁၀ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိ လူကြီးမင်းတို့၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေလင်းထွန်း-မကေသွယ်မိုး။

သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီး ရတနာမိုး ပရိဘောဂ၊ အမှတ်၁၀၀၊ သမိန်ဗရမ်းလမ်း၊တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၆၆၄၀၇သည် လွန်ခဲ့သည့် (၁၀)နှစ်မှစ၍ ယနေ့အထိ ဖခင်ဖြစ်သူ ကျွန်တော့်အပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုမူ ပြောဆိုဆက်ဆံခြင်း၊ စကားနားမထောင်ခြင်း၊ ကျန်သားသမီးများအကြား စိတ်ဝမ်းကွဲပြားအောင် နည်းမျိုးစုံ ပြုလုပ်ပြောဆို ဆက်ဆံခြင်းများကြောင့် မိမိ၏သဘောဆန္ဒအရ ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်ရှမ်း၁၄/ဓလန(ဧည့်)၀၀၀၀၀၇။

တွေ့ရှိပါက ပို့ဆောင်ပေးပါ

အောက်အမည်ပါ ရှင်နှစ်ပါးသည် လွန်ခဲ့သည့် ၂-၃-၂၀၁၀ ရက် နေ့လယ်တွင် ကျောင်းမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ပို့ဆောင် ပေးပါရန်-

၁။ ရှင်နန္ဒ အသက်(၁၂)နှစ်ခန့်
၂။ ရှင်ဝေပုလ္လ အသက်(၇)နှစ်ခန့်

ကုဋ္ဌာရာမကျောင်းတိုက်
အမှတ်(၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ် (ဝင္ဂ)
ဖုန်း-၅၃၉၁၅၅။

ကျိုက်လတ်မြို့နယ်အသင်း စည်းဝေးမည်

ရန်ကုန် မတ် ၇

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃စီ)ရှိ ဧရာဝတီတိုင်း ခန်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များ၊ Ph. D ပါရဂူဘွဲ့ရရှိသူများ ဂုဏ်ပြုပွဲနှင့် ၂၀၀၇-၂၀၀၈၊၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ရရှိသောအသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပမည်ဖြစ်ရာ အမည်၊ အထောက်အထား စသည်တို့ကို ဥက္ကဋ္ဌ ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ အတွင်းရေးမှူး ဦးကျော်ရင် ဖုန်း- ၅၆၀၅၂၀၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စော ဖုန်း-၀၉-၅၁-၂၄၇၈၅၊ ဘဏ္ဍာရေးမှူး ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅၊ အသင်းရုံး ဖုန်း-၅၀၁၅၁၈နှင့် နီးစပ်ရာအမှုဆောင်များထံသို့ မတ် ၂၅ ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ မြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ **(၁၃၅)**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန အဆောက်အအုံ (MICC) မြေယာရှုခင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ရက်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမြင့်ဇော် ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (ပြည်သူ့ဆောက်လုပ်ရေး)

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက် (A-4)၊ အခန်း(၅၀၄)တွင် တပ်ဆင်ထားသော ဦးသန်းဝင်း ၁၁/ကတန(နိုင်) ၀၀၀၁၄၆၏ လိုင်းခွဲဖုန်းအမှတ် ၂၀၀၇၄၇ (၇၈၉၈)ဖုန်း ပိုင်ဆိုင်မှု မူရင်းဘောက်ချာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ယုဇနပလာဇာ(ဒုတိယထပ်ရုံးခန်း)
ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ လိုင်းခွဲ-၄၄၄၄၊ ၃၄၄၄။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုရဲမင်းဇော် ၉/မထလ(နိုင်)၂၄၉၉၇၉နှင့် ကျွန်မ မစန္ဒာအောင် ၆/ထဝန(နိုင်)၀၇၀၁၇၉ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၀၀၉ခုနှစ် အောက်တိုဘာ ၁၈ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ကိုရဲမင်းဇော်-မစန္ဒာအောင်။

မီး
သတိပြု

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပုံကျစျေးသည်များနှင့် တိုက်ခန်းအဖီများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

မြင်းခြံမြို့ အေးမြသီတာစျေးတောင်ဘက် ကားလမ်းမပေါ်နှင့် သုဓမ္မာလမ်း၊ တမာတန်းလမ်းများပေါ်တွင် စည်းကမ်းမဲ့ကျူးကျော်ပုံကျစျေးသည်များနှင့် အနီးရှိ တိုက်ခန်းများမှအဖီများ လမ်းပေါ်သို့ထုတ်၍ ကျူးကျော်ရောင်းချနေကြပါသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ခြင်း၊ လမ်းသွားလမ်းလာများ သွားလာရန်ခက်ခဲခြင်း၊ မီးသတ်ကား အရေးပေါ်သွားလာရန်မလွယ်ကူခြင်းများကြောင့် ထိုစည်းကမ်းမဲ့ ကျူးကျော်ပုံကျစျေးသည်များနှင့် တိုက်ခန်းအဖီများ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းရှိစေလိုသူ

သောက်သုံးရေကန် သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် သဘော်ဆိပ်အတက်နားတွင် ပြည်သူအများ အသုံးပြုရန် သောက်သုံးရေကန် တစ်ကန်ရှိရာ သောက်သုံးရေကန်အနီးတွင် ရေကန်၏ကန်ပေါင်ကို တူးဖွဲ့၍ ကျူးကျော်အဆောက်အအုံများ ဆောက်လုပ်နေပါသဖြင့် သောက်သုံးရေကန်၏ ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေကန်သန့်ရှင်းစေလိုသူ

သစ်ခွဲစက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ အုပ်ဖို(၁)ရပ်ကွက် ၃၉လမ်းရှိ အိမ်တစ်အိမ်မှ အိမ်တွင်းစက်မှု သစ်ခွဲစက်သည် သက်ဆိုင်ရာမှခွင့်ပြုချက် မရဘဲ သစ်လုံးကြီးများကို မော်တာပိုင်း လွှကြီးများဖြင့် နေ့ရောညပါ ခွဲစိတ်နေရာ စက်သံကြောင့် အနီးဝန်းကျင်နေထိုင်သူများ အိပ်စက်မရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပေါင်းတည်သား

နောက်ဖေးမြောင်းနှင့် အိမ်ရှေ့မြောင်း ရေစီးရေလာ ကောင်းစေလို

စာတည်းခင်ဗျား-

တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက် စိတ္တသုခလမ်း အောက်ပိုင်းမှ အိမ်ရှေ့မြောင်းနှင့် အိမ်နောက်ဖေးမြောင်းများတွင် ရေများပိတ်ဆို့၍ မစီးဆင်းနိုင်ဘဲ ပိုးလောက်လမ်းများပေါက်ပွားလျက်ရှိသောကြောင့် ပတ်ဝန်းကျင်ရှိသက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များ သွေးလွန်တုပ်ကွေးအန္တရာယ်မှ ကင်းဝေးစေရန် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပုသိမ်ညွန့်သား

ပိုးသတ်ဆေးနံ့ကြောင့် ကျန်းမာရေးစိုးရိမ်ရ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ်(၇) မြို့က်စုရပ် မြို့နယ်စည်ပင်သာယာစျေးတောင်ဘက်ရှိ ပိုးသတ်ဆေးဆိုင်မှ ပိုးသတ်ဆေးမျိုးစုံ၏ဆေးနံ့များကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများနှင့် လမ်းသွားလမ်းလာများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါ၍ ကျန်းမာရေးအတွက် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

ရွှေဘိုသား

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက် အောင်စံပယ်လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ ၎င်းဝက်များသည် နေ့ရောညပါ ဆူညံခြင်း၊ စွန့်ပစ်သောအညစ်အကြေး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အိပ်ရေးပျက်ခြင်း၊ ကျန်းမာရေးထိခိုက်ရခြင်းတို့ကြောင့် ၎င်းဝက်ခြံအား လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

တရားမဝင် ပုံကျစျေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် လှည်းတန်းစျေးတစ်ဝိုက်နှင့် လှည်းတန်း(၂)လမ်း၊ (၃)လမ်းတစ်ဝိုက်တွင် ကျူးကျော်စျေးသည်များကြောင့် လမ်းပိတ်ဆို့လျက်ရှိရာ စာတည်းထံပေးစာကဏ္ဍမှ တင်ပြခဲ့သော်လည်း အရေးယူဆောင်ရွက်မှု အားနည်းသည့်အပြင် စျေးသည်များကို တရားဝင်ခွင့်ပြုထားသကဲ့သို့ စျေးကောက်များ ကောက်ခံလျက်ရှိရာ လမ်းများပိတ်ဆို့လျက်ရှိပြီး မော်တော်ယာဉ်များ၊ ခရီးသွားများသွားလာရန် ခက်ခဲနေပါသဖြင့် အဆိုပါ တရားမဝင် စျေးသည်များအား ဖယ်ရှားပေးပါရန် ထပ်မံတင်ပြအပ်ပါသည်။

လှည်းတန်းသား

ဗွီစီဒီနှင့်ကာရာအိုကေလုပ်ငန်းကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မှု ဆောင်ရွက်ပြီးစီး

၂၃-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက်(အရှေ့ပိုင်း)ရှိ အိမ်နှစ်အိမ်တွင် အသံလုံခန်းမရှိဘဲ ဗွီစီဒီ၊ ကာရာအိုကေလုပ်ငန်း လုပ်ကိုင်လျက်ရှိခြင်းကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စည်းကမ်းမဲ့ဆန်စက် ဆောင်ရွက်ပြီးစီး

၅-၁၀-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်တွေမြို့ အိုးတန်းရပ်ကွက် ကမ်းနားလမ်းရှိ စည်းကမ်းမဲ့ဆန်စက်လုပ်ငန်းကို သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပညာ့ဗိမာန် စာကြည့်တိုက် အဆောက်အအုံ ကျောက်ဆည်မြို့နယ်၌ ဖွင့်လှစ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

ကျောက်ဆည်မြို့နယ် လက်ပန်ဇင် ကျေးရွာအုပ်စု ဇီးပင်ဝန်းကျေးရွာ ပညာ့ဗိမာန် စာကြည့်တိုက်အဆောက်အအုံ သစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ၁၃ရက်က ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ စာအုပ်စာစောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် ဟောပြောပွဲအခမ်းအနားကိုကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်လင်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များနှင့် စာငှားကတ်၊ စာငှားစနစ် ခိုင်မာစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး နေ့စဉ်ထုတ်သတင်းစာ၊ စာအုပ်များနှင့် သုတရသစာအုပ် စာစောင်များကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ငွေးက လက်ခံယူသည်။ ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ငွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ပညာ့ဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်လင်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကျေးဇူးကြီးလှ မိနှင့်ဖ ဟောပြောပွဲ မြစ်သား၌ကျင်းပ

မြစ်သား ဖေဖော်ဝါရီ ၂၈

လူငယ်ကလေးများ ယဉ်ကျေးလိမ္မာမှုနှင့် မိဘကျေးဇူးသိတတ်စေရန် ကျေးဇူးကြီးလှ မိနှင့်ဖ စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၈ရက် ည ၇နာရီခွဲ၌ မြစ်သားမြို့နယ် လုပ်အားကြေးမုံခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဟောပြော

ဆက်လက်၍ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၊ မောင်စိန်ဝင်း-ပုတီးကုန်းတို့က မိဘကျေးဇူး သိတတ်စေရေး၊ မိဘကျေးဇူးဂါရဝပြု ကျေးဇူးဆပ်ရေး ဟောပြောကြသည်။

ပေးအပ်

ထို့နောက် ကျေးဇူးကြီးလှ မိနှင့်ဖ စာစီစာကုံးပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူလေးများအား အောင်စည်းဖိမ် ကျောက်မျက်ရတနာကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာကဆုများ ချီးမြှင့်ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါဟောပြောပွဲကို ရန်ကုန်မြို့ အောင်စည်းဖိမ် ကျောက်မျက်ရတနာကုမ္ပဏီ၏ (၁၁၈) ကြိမ်မြောက် စာပေဟောပြောပွဲအဖြစ် မြစ်သားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှု၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ရပ်ဝေးရပ်နီးမှ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၅ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးဆောင်ရွက်လျက်ရှိရာ သက္ကံရေထွက်မှ ရေရရှိရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံ၌ လူမှုရေးအသင်းအဖွဲ့များ ပညာပေးဟောပြောပွဲ ကျင်းပ

ချောင်းဆုံ မတ် ၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကွမ်ရိုက်ကျေးရွာ၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ ကျေးရွာမူကြိုကျောင်း၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး ကလေးများ စွမ်းရည်ပြိုင်ပွဲကို ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ထူးချွန်ကလေးများအား ဆုချီးမြှင့်ပြီး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်အုပ်ရေ ၁၀၀ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ဆက်လက်၍ ကျေးရွာကျန်းမာရေးဌာနခွဲ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကား ပြောကြားပြီး ဒေါက်တာအေးအေးခိုင်က အိုင်အိုဒင်းဆားသုံးစွဲရေး၊ HIV/AIDS ရောဂါသိမှတ်စရာများ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးရောဂါများအကြောင်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာများကို လည်းကောင်း ဟောပြောကြပြီး စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ ဟောပြောပွဲအပြီးတွင် ကျေးရွာကျန်းမာရေးဌာနမှ ဆေးစိမ်ခြင်ထောင် အသုံးပြုပုံများကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေတလာ

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၀ ရက်က ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း ထပ်ပိုးကတ္တရာလမ်း ဖွင့်ပွဲကျင်းပရာ ထားဝယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြ၊ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် ကြက်စားပြင်ရပ်ကွက် ရပ်မိရပ်ဖ ဦးကြည်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အရာတော်မြို့နယ်၌ ကျင်းပ

အရာတော် ဖေဖော်ဝါရီ ၂၄

မုံရွာခရိုင် အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က ကျွန်းတောကျေးရွာ မူလတန်း (လွှန်) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိများ၊ ကျေးရွာမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

ဟောပြော

*အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ငွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေက ပြည်ထောင်စုနေ့ အကြောင်း သိကောင်းစရာများကို ဟောပြောသည်။ **(မြို့နယ် ပြန်/ ဆက်)***

ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း သီပေါမြို့နယ်၌ ဆွေးနွေးဟောပြော

သီပေါ ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်း ဟောပြောပွဲနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉ နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေးက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ကြွပ်ကြွပ်အိတ်သုံးစွဲမှုနှင့် ပတ်သက်၍ ယင်း၏ ဆိုးကျိုးများကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

အဆိုပါပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ၊ ရပ်ကွက်များမှ တိုင်းရင်းသား ပြည်သူများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

(ဝ၂၀)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဗျင်း-ကန်စောက်လမ်း အပိုင်း (၁) ပြုပြင်ခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့်ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းခွင်အင်ဂျင်နီယာ ဒေါ်သန်းသန်းစိုးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အာဆီယံလူငယ် ဓာတ်ပုံဆရာများဆုအတွက် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မတ် ၇

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် လူငယ်အိုလံပစ်ပွဲတော်စတင်ခြင်း အထိမ်းအမှတ်အဖြစ် စင်ကာပူအမျိုးသားလူငယ်အောင်မြင်မှုကောင်စီ (National Youth Achievement Award(NYAA) Council) က အာဆီယံလူငယ်ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲကို ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ သွားရောက်ပြသနိုင်ရေးအတွက် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆု (ASEAN YOUNG PHOTOGRAPHERS' AWARD) ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **“အားကစားမှသည် အာဆီယံစိတ်ဓာတ်ဆီသို့”** (The Spirit of ASEAN-Through Sports) ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လိုသူများသည် အာဆီယံအားကစားပြိုင်ပွဲ အသီးသီးတွင် ပါဝင်ယှဉ်ပြိုင်နေမှုများ၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် အားကစားစိတ်ဓာတ်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နေမှုများ၊ အာဆီယံနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ပြသသော အားကစားလှုပ်ရှားမှုများ၊ အားကစားနည်းများအလိုက် လေ့ကျင့်ဆောင်ရွက်နေမှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းများမှာ-

ပြိုင်ပွဲသို့ အသက် ၁၅နှစ်မှ ၃၅နှစ်အတွင်းရှိသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

မည်သည့် ကင်မရာအမျိုးအစားမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရ။

မိမိရိုက်ကူးထားသော ဓာတ်ပုံများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောဆိုနိုင်ရမည်။

- ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ (၁၀×၁၄)လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် ခြောက်ပုံပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ဓာတ်ပုံများ၏ အကြောင်းအရာနှင့် ပုံစာများကိုပါ ဓာတ်ပုံ၏နောက်ကျောတွင် သီးခြား စာရွက်ဖြင့်ကပ်၍ ပါဝင်ယှဉ်ပြိုင်ရမည်။
- ဒစ်ဂျစ်တယ်ကင်မရာနှင့် ရိုက်ကူးပါက 6 Mega Pixel Resolution အနိမ့်ဆုံးရှိသော ကင်မရာဖြင့် ရိုက်ကူးရမည်။
- အဆိုပါဓာတ်ပုံများသည် ရွေးချယ်ခံရပါက (၁၆×၂၀)လက်မအရွယ် ကူးယူနိုင်သည်အထိ အရည်အသွေးကောင်းမွန်ရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အခြားပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးသော ဓာတ်ပုံများ၊ အခြားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ထားသော ဓာတ်ပုံများမဖြစ်ရ။
- ပြိုင်ပွဲဝင်ဓာတ်ပုံများအား အသုံးပြုခြင်းနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံများအား မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ဓာတ်ပုံအကြောင်းအရာများအား ပူးတွဲတင်ပြရမည်။

ရွေးချယ်ခံရသူအား စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပမည့် အဆိုပါဓာတ်ပုံပြပွဲသို့ စေလွှတ်မည်။ ခရီးစဉ်အတွက် လိုအပ်သောခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်များအား သက်ဆိုင်ရာအဖွဲ့အစည်းက ကျခံပေးမည်ဖြစ်သည်။ ရွေးချယ်ခံရသူသည် မိမိ၏ ဓာတ်ပုံများကို အဆိုပါဓာတ်ပုံပြိုင်ပွဲ၌ ပြသနိုင်ရန်အတွက် (၁၆×၂၀)အရွယ် ဓာတ်ပုံကူးယူ၍လည်းကောင်း၊ Original Image File အား CD ဖြင့်ကူးယူ၍လည်းကောင်း ပေးပို့ရမည်။ ထို့ပြင် မိမိတို့ပြိုင်ပွဲဝင်ခဲ့သော ဓာတ်ပုံအကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း၊ ဓာတ်ပုံပညာအတွေ့အကြုံများနှင့်ပတ်သက်၍လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြနိုင်ရမည်။

ပေးပို့ရမည်ဖြစ်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို **မေ ၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့**သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

အမည်ပြောင်း

အုတ်တွင်းမြို့နယ်နေ အဖ ဦးမောင်မောင်၏သမီး မတင်နွယ်မြင့် ၇/အတန(နိုင်)၀၈၆၉၉၃ အား မရွှေရတီမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

ရောင်းမည်

၁။ အင်းလျားလမ်း (၄၅ × ၇၀)ပေ
၂။ ရွှေတောင်ကြား (၆၈ × ၈၀)ပေ
၃။ ပြည်လမ်းသွယ် ပေ(၇၀ × ၇၀)

နှစ်ထပ်တိုက် ရေ၊ မီး၊ ဖုန်း

ဖုန်း-၇၂၇၅၅၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျော်နိုင်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(A.071524) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၇၂၂၅၈
၀၉-၉၉၂၆၁၅၉။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ကလေးတက္ကသိုလ်မှခ်ဦးအပါအဝင် တက္ကသိုလ်ပရိဝုဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်ပြုရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။ အသေးစိတ်အချက်အလက်များကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၉-၃-၂၀၁၀ရက် မွန်းလွဲ ၁း၀၀နာရီ
တင်ဒါဖွင့်ရက်နှင့်အချိန် - ၁၉-၃-၂၀၁၀ရက် မွန်းလွဲ ၂နာရီ
တင်ဒါဖွင့်မည့်နေရာ - တက္ကသိုလ်အစည်းအဝေးခန်းမ ဓာတ်ပုံ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ကလေးတက္ကသိုလ်။

ဖုန်း-၀၇၃-၂၁၃၄၃၊ ၂၁၃၄၄၊ ၂၂၀၆၄။

(၁၆)နှစ်ပြည့် သမီးလေး မွေးနေ့ဆုတောင်း

အချစ်ဆုံးသမီးလေး စုနန္ဒာနေဝင်း၏ ၈-၃-၂၀၁၀ရက်မှာ ကျရောက်တဲ့ မွေးနေ့မှသည် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့ပြီး အသိလိမ္မာပညာပြည့်စုံ၍ အောင်မြင်ကျော်ကြားထက်မြက်သော လူရတနာသမီးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါသည် -

ဖေဖေ - **ဦးနေဝင်း**
မေမေ - **ဒေါ်ရီရီခိုင်**
(ရီရီခိုင်-လက်ဖက်၊ချင်း၊အကြော်စုံရောင်းဝယ်ရေး)၊
ချစ်ကိုကို - **စည်သူနေဝင်း-ဟေမာထွေး၊**
ချစ်ကိုကို - **သူရိန်နေဝင်း(ခ)ဗိုလ်သန့်ဇေယျာ။**

[illegible]

မော်တော်ယာဉ်ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပို့ဆောင်ရေးဌာနခွဲ(ရန်ကုန်)၌ အောက်ဖော်ပြပါ မော်တော်ယာဉ် ၁၅စီးအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က)	ဟီးနိုးတီအီး(၂၁)ယာဉ်	၁ စီး
(ခ)	တီ-၂၀၀၀ L/T	၁ စီး
(ဂ)	ဟီးနိုးဘီအမ်	၄ စီး
(ဃ)	ဟီးနိုးဘီအိပ်စ်	၃ စီး
(င)	အီဆူဇူး	၅ စီး
(စ)	လိုက်အွေစ်	၁ စီး
	စုစုပေါင်း	**၁၅ စီး**

၂။ ရောင်းချမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်** - ၁၈-၃-၂၀၁၀ရက် ၁၅း၀၀နာရီ နောက်ဆုံးတင်သွင်းရန်။
(ခ) **ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်** - ၁၉-၃-၂၀၁၀ရက်
(ဂ) **ချိပ်ပိတ်တင်ဒါဖွင့်မည့်အချိန်** - ၁၀း၀၀နာရီ
(ဃ) **ချိပ်ပိတ်တင်ဒါဖွင့်မည့်နေရာ** - ပို့ဆောင်ရေးဌာနခွဲ၊ အမှတ်၃၇၊ ကမ္ဘာအေးဘုရားလမ်း (အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်း)၊ ရန်ကုန်။

၃။ ချိပ်ပိတ်တင်ဒါစည်းကမ်းချက်များကို တစ်စောင်လျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် ၉-၃-၂၀၁၀ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးဌာနခွဲ ဖုန်း-၀၁-၆၆၄၄၇၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး ဖြေဆိုအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ခေါ်ယူထားသော အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးများတွင် ခန့်ထားရန်အတွက် လူတွေ့စစ်ဆေးမှု အောင်မြင်သော အောက်ဖော်ပြပါ ခုံအမှတ်များဖြင့် ဖြေဆိုခဲ့သူများသည် သတ်မှတ်အချိန်ဇယားအတိုင်း လာရောက်သတင်းပို့ရန် အသိပေးကြေညာအပ်ပါသည်-

သတင်းပို့ရမည့်ရက် - ၂၂-၃-၂၀၁၀ရက်မှ ၂၆-၃-၂၀၁၀ရက်အထိ နောက်ဆုံးထားသတင်းပို့ရန်
သတင်းပို့ရန်အချိန် - ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအထိ
သတင်းပို့ရမည့်နေရာ - ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ စီမံခန့်ခွဲရေးဌာန၊ အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ယူဆောင်လာရမည့် အချက်အလက်များ - (က) ပတ်စ်ပို့အရွယ်(ရောင်စုံ) ဓာတ်ပုံ(၁၀)ပုံ (တစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်)
(ခ) အောင်လက်မှတ်၊ အမှတ်စာရင်း၊ မှတ်ပုံတင်၊ ဝန်ထမ်းကတ်၊ (မူရင်း)
(ဂ) အလုပ်သမားမှတ်ပုံတင်(လေဘာ)မူရင်း (နောက်ဆုံးအခြေအနေ)
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏လက်လွှတ်စာကို တစ်ပါတည်းယူဆောင်လာရမည်။

အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး ဖြေဆိုအောင်မြင်သူများစာရင်း

1YE - ၁၉၇၊ ၄၁၊ ၂၊ ၂၀၄၊ ၂၉၊ ၄၅၊ ၄၇၊ ၅၉၊ ၂၂၊ ၄၃၊ ၈၊ ၉၇၊ ၄၉၊ ၁၃၊ ၄၂၊ ၄၈၊ ၈၁၊ ၃၅၊ ၉၆၊ ၃၊ ၂၀၁၊ ၈၀၊ ၉၈၊ ၈၄၊ ၇၈၊ ၇၉၊ ၁၆၉၊ ၅၄၊ ၄၆၊ ၉၊ ၁၉၈၊ ၆၁၊ ၁၃၁၊ ၁၊ ၂၈၊ ၂၀၂၊ ၂၃၊ ၄၄၊ ၁၈၈၊ ၁၅၆။
2YE - ၆၅၊ ၁၁၀၊ ၇၆၊ ၆၃၊ ၆၉၊ ၆၆၊ ၇၀၊ ၂၄၊ ၃၄၊ ၃၅၊ ၆၂၊ ၁၁၁၊ ၆၈၊ ၁၄၃၊ ၆၁၊ ၂၃၆၊ ၉၄၊ ၂၇၊ ၇၁၊ ၁၂၄။
1YEC - ၈၊ ၉၊ ၁၀၊ ၂။
2YEC - ၂၁၊ ၅၉၊ ၁၃၁၊ ၁၀၅၊ ၅၄။
2YC - ၉။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၀၈၂၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ရင် ၉/လဝန(နိုင်)၁၆၆၀၆၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ရမည်းသင်းမြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ဆွေ C.D.Cအမှတ် ၁၀၄၉၈၈၏(SID) သင်္ဘောသားကတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါကအကြောင်းကြားပါရန်။

ဖုန်း-၄၅၀၀၃၀။

ဒီဇင်ဘာစက်မှုဇုန်မြေကွက်(တောင်ဒဂုံ) ရယူထားသူများ သိရှိရန်

စက်မှုဇုန်မြေကွက်ရယူထားသူများမှ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပေးသွင်းရန်ကျန်ရှိသော မြေကွက်ဖိုးကျသင့်ငွေများကို ၁၈-၃-၂၀၁၀ရက် နောက်ဆုံးထားငွေသွင်းနိုင်ရန်အတွက် ငွေပေးသွင်းရန်ကိစ္စကို ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။ ၎င်းရက်ထက်ကျော်လွန်၍ မြေကွက်ဖိုးငွေသွင်းရန်ကိစ္စအား ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက နောင်ဖြစ်ပေါ်လာမည့်ကိစ္စများအား ကုမ္ပဏီနှင့်မသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် - **ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အမှတ်၂၉၇၊ ဗိုလ်ချုပ်လမ်း၊ ကျောက်တံတားမြို့နယ်၊ မြို့မရပ်ရှင်ရုံ (အပေါ်ဆုံးထပ်)၊ ရန်ကုန်မြို့။**

ဖိတ်ကြားလွှာ

သမိုင်းဝင် ရခိုင်သျှင်ကျော်ဘုရားကြီးသို့ ကားလမ်းဖောက်လုပ်ပြီးဖြစ်သဖြင့် ဘုရားဖူးအများအပြား လာရောက်လျက်ရှိနေပါသည်။ နှစ်ပေါင်းများစွာ မပြုမပြင်ဘဲထားသော ဘုရားရှင်စံရာ ပြာသာဒ်ဆောင်ပြုပြင်ခြင်း၊ ဂန္ဓကုဋီတိုက်ပြုပြင်ခြင်း စသော ဘက်စုံမွမ်းမံရေးအတွက် အလှူငွေပေးအပ်ပွဲတစ်ရပ်ကို ၂၀၁၀ ခုနှစ် မတ်၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်၊ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဂေါပကနှင့်အကျိုးဆောင်များ။

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်

ကိုးဘွဲ့ရယဉ်ကျေးလိမ္မာသင်တန်းနှင့် ရှင်တစ်ထောင်ဝတ်ပွဲ၊ သီလရှင်ဝတ်ပွဲ ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြု ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ်ကိုယ်တိုင် ဦးဆောင်လှူဒါန်း၍ နိုင်ငံကျော်စာရေးဆရာကြီးများနှင့် စာရေးဆရာမကြီးများ၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းကြီးနှင့် ရှင်သာမဏေဝတ်ပွဲ၊ သီလရှင်ဝတ်ပွဲတို့ကို ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို သင်တန်းတက်ရောက်နိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

သင်တန်းဖွင့်ရက် - ၂၀-၃-၂၀၁၀ရက်မှ၂၃-၃-၂၀၁၀ရက်အထိ ပထမအသုတ် (လေးတန်းမှခြောက်တန်းအထိ)
၂၄-၃-၂၀၁၀ရက်မှ၂၇-၃-၂၀၁၀ရက်အထိ ဒုတိယအသုတ် (ခုနစ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)
၂၈-၃-၂၀၁၀ရက်မှ၂-၄-၂၀၁၀ရက်အထိ ရှင်သာမဏေဝတ်ပွဲနှင့်သီလရှင်ဝတ်ပွဲ။

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်
(၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၅၅၈၃၈၊ ၇၀၈၄၀၃၊ ၀၉-၂၁၃၀၈၉၅
သစ္စာဘုရားဖူးပို့ဆောင်ရေး ဖုန်း-၂၄၂၅၁၆၊ ဇီဇဝါစာအုပ်တိုက် ဖုန်း-၂၁၆၂၇၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေကွက်အမှတ် ၅၉၀၊ မြေကွက်တည်နေရာအမှတ်(၅၉၀)၊ သုနန္ဒာ ဗလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ ဦးစောထွန်းရင် AA-၀၅၈၈၂၅ အမည်ပေါက်ဂရန်မြေအား အမည်ပေါက် ဦးစောထွန်းရင် ကွယ်လွန်သဖြင့် ဒေါ်နန်းဖြူးလီ ၁၂/အလန(နိုင်)၀၂၉၂၆၁ က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

သားအဖြစ်မှ စွန့်လွှတ်ကြောင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ မိုင်းယန်းလမ်း၊ ကန်နားပူလွယ်ရွာ၊ အမှတ် ၁၈နေ ဦးမောင်အားမိန် ၁၃/ကတန(နိုင်)၀၅၈၂၁၈၊ အမိ ဒေါ်မရှဲဘိ ၁၃/ကတန(နိုင်)၀၅၄၅၆၈တို့၏သား မောင်စိုင်းတစ် KTG-၁၄၈၀၂၂ ကို အမွေစား အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း။

ဦးမောင်အားမိန်၊ ဒေါ်မရှဲဘိ။

မသက်ဆိုင်ကြောင်း ကြေညာခြင်း

ကျွန်မ မသီတာဝင်း ၁၂/မရက(နိုင်)၁၁၃၈၆၃ ၏ ခင်ပွန်းဖြစ်သူ ကိုညီညီလွင် ၁၂/မရက(နိုင်)၁၁၁၆၇၀သည် ယနေ့မှစ၍ ကျွန်မ၏ ခင်ပွန်းအဖြစ် မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသီတာဝင်း
၁၂/မရက(နိုင်)၁၁၃၈၆၃။

မသက်ဆိုင်ပါကြောင်း

ကျွန်မ မစုစုခိုင် ၇/ပခန(နိုင်)၀၆၉၂၀၂၏ ခင်ပွန်းဖြစ်သူ ဦးညီညီအောင် ၁၀/သထန(နိုင်)၀၃၀၉၂၈သည် အိမ်ထောင့်တာဝန်များ ပျက်ကွက်ပါသဖြင့် ၄-၃-၂၀၁၀ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုခိုင် ၇/ပခန(နိုင်)၀၆၉၂၀၂။

မအေးသန္တာခိုင် ၁၂/ဒဂရ(နိုင်)၀၀၄၆၈၇ သိစေရန် အသိပေးကြေညာခြင်း

Lifeline Co., Ltd.၏ Promotion ဌာနတွင် Promotion Girl ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော အမှတ် ၇၅၁(အေ)၊ ဗေဒါ၂လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ အဖဦးစိန်တိုး၏ သမီးဖြစ်သူ မအေးသန္တာခိုင် ၁၂/ဒဂရ(နိုင်)၀၀၄၆၈၇သည် ၎င်းနှင့်ပတ်သက်သော စာရင်းဇယားကိစ္စများရှင်းလင်းရန် ကျန်ရှိနေပါသဖြင့် ယနေ့ကြော်ငြာသည့်ရက်မှစ၍ အမြန်ဆုံး ရုံးသို့(ကိုယ်တိုင်) လာရောက်ရှင်းလင်းရန် အသိပေးကြေညာအပ်ပါသည်။

Lifeline Co., Ltd.

မဥမ္မာအောင်(ခ) မငယ် ၁၂/ရကန(နိုင်)၀၃၉၃၈၉နှင့် အများသိသာရန်

မဥမ္မာအောင်(ခ) မငယ်သည် ကျွန်ုပ်၏ အမှုသည်ဖြစ်သော ဒေါ်ထားထားနွယ် ၇/ပခန(နိုင်) ၀၇၇၃၄၅၏ ဂုဏ်သတင်းနှင့် သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ကျွန်ုပ်အမှုသည်၏ ဂုဏ်သတင်းထိခိုက်အောင် ပြုမူဆောင်ရွက်နေခြင်းအား ဆက်လက်လုပ်ဆောင်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ထားထားနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစံမြင့် (B.A.,R.L)
တရားရုံးချုပ်ရှေ့နေ

အိမ်	ရုံး
အမှတ် ၃၂၊ သီရိမာလာလမ်း၊	အမှတ် ၅၈(ပထမထပ်)၊
(ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊	မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့၊	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၆၅၂၉၂။	ဖုန်း-၀၁-၇၃၀၁၅၀၅၀။

YANGON METAL INDUSTRY CO., LTD.
ဘက်ထရီအိုးဟောင်းများဝယ်သည်
TOYO,GS,3K,FB,YUASA,YUCON

20 Ah	ကျပ်(3,300)	NS100 (80 Ah)	ကျပ်(12,000)
35 Ah	ကျပ်(5,500)	100 Ah	ကျပ်(14,000)
45 Ah	ကျပ်(6,500)	N120PP(110 Ah)	ကျပ်(16,300)
60 Ah	ကျပ်(9,300)	120 Ah	ကျပ်(18,500)
70 Ah	ကျပ်(11,000)	150 Ah	ကျပ်(22,000)
75 Ah	ကျပ်(11,500)	200 Ah	ကျပ်(28,000)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် ၄၈၅၊ မြေအကျယ်အဝန်းပေ၄၀×ပေ၆၀နှင့် မြေပေါ်ရှိဆက်နွယ်သည့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးကြည်ဝင်းထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် သဘောတူညီမှုအရ ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသူ၊ ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးခင်မောင်မြင့်	**ဦးမြင့်မိုးလှိုင်**
၁၂/ဥကမ(နိုင်)၀၆၃၁၅၈	**အထက်တန်းရှေ့နေ**
အမှတ် ၃၊ ခေမာသီလမ်းမကြီး၊	**အမှတ် ၃၄၉၊ မဉ္ဇူလမ်း၊ (၁)ရပ်ကွက်၊**
(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။	**မြောက်ဥက္ကလာပမြို့နယ်။**

အများသိစေရန် ကြေညာခြင်း

အမှတ် ၁၅၀(ဒုတိယထပ်)၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်နေသော စိန်အောင်မြင်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးစိန်မင်း ၁၂/ရကန(နိုင်)၀၃၉၅၉၈ကိုင်ဆောင်သူနှင့် ဒါရိုက်တာဖြစ်သူ ဦးအုန်းလှိုင် ၁၂/အစန(နိုင်)၀၅၆၅၂၀ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

စိန်အောင်မြင်ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်နေသူများသိရှိရန်မှာ ကုမ္ပဏီနှင့်ပတ်သက်၍ ဆောင်ရွက်သည့်ကိစ္စရပ်များတွင် အထက်ဖော်ပြပါ မန်နေဂျင်းဒါရိုက်တာ ဦးစိန်မင်းနှင့် ဒါရိုက်တာဦးအုန်းလှိုင်တို့၏ ခွင့်ပြုချက်မရဘဲ ၎င်းတို့၏ လက်ရေးလက်မှတ် အမှတ်အသားပါသည့် ကုမ္ပဏီ၏ စာရွက်စာတမ်းများဖြစ်သော ဘောက်ချာ၊ ဖြတ်ပိုင်းနှင့် အခြားစာရွက်စာတမ်းတို့ကို အသုံးမပြုကြရန်နှင့် သုံးစွဲပါက ဖြစ်ပေါ်လာသောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ သုံးစွဲသူ၏တာဝန်သာဖြစ်ပြီး ဦးစိန်မင်း၊ ဦးအုန်းလှိုင်တို့နှင့် ပတ်သက်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိန်မင်းနှင့် ဦးအုန်းလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် (LL.B., D.B.L)
တရားရုံးချုပ်ရှေ့နေ (စဉ်-၇၁၁၂)
တိုက်(၉/၁၁)၊ အခန်း(၀၀၅/ဘီ)
၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအစီအစဉ်အရ ရန်ကုန်တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးဝင်း၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၇ရက်က ရွှေပျောက်ကျေးရွာ ဦးနေဝင်းထွန်း၏ အသားစားကြက်မွေးမြူရေးခြံတွင် ဇီဝလုံခြုံမှု မြှင့်တင်ရေး ပညာပေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဂျီ(ချေ)၊ ဒရယ်၊ စိုင်၊ ဆတ်၊ နွားနောက်ကယ်နှင့် ကျားကြီးတွေ၊ မြွေကြီးတွေပျော်စံရာ မြိုင်ယံပမာ

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အဝင်မုခ်ဦးက အပန်းဖြေကြမည့် ပြည်သူများအား ဤသို့ ကြိုဆိုလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-သတင်းထောက် ထွန်းဇော်(စမ်းချောင်း)

သတင်းခရီးသည်-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း သတင်းထောက်-ထွန်းဇော် (စမ်းချောင်း)
စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် မတ် ၇

"ပရိသတ်များခင်ဗျား....။

ယခုရှုစားရမယ့်ပွဲကတော့ ရင်သပ်ရှုမော ပြကွက်ပါပဲ...။

ဒီပြပွဲက ဒီမှာ ထူးထူးခြားခြား ပြသတဲ့ ပွဲဆိုလျှင်လည်း မမှားပါဘူး။ အလွန် စိတ်ဝင်စားစရာကောင်းတဲ့ ပြကွက်ပါပဲ...." ဟု ပြပွဲ၏ ထောင့်တစ်နေရာမှ အသံထွက်ပေါ်လာသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●

ပွဲသိမ်း အမြန်ဆုံးစံချိန်ဖြင့် ရန်ကြီးအောင် အနိုင်ယူနိုင်

ဇင်လင်းထွန်း (ဓနုဖြူ)၏ မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး သတင်းဆောင်းပါးကို စာမျက်နှာ-၁၂ တွင် ဖတ်ရှုနိုင်ပါသည်။

လှောင်ချိုင့်အတွင်း ရန်စောင်မိုလ်လုနေသော ကျားဝါကြီးများ....။
ဓာတ်ပုံမှတ်တမ်း-သတင်းထောက် ထွန်းဇော် (စမ်းချောင်း)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာ ကိုယ်စားလှယ်များ ထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက် ပို့ဆောင် ပေးလျက်ရှိပါသည်။

8-3 (20).pmd 1 3/8/2010, 1:15 AM